မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး အခက်အခဲကြားမှ ကြိုးပမ်းလျက်ရှိ
အခက်အခဲမှန်သမျှ ဇွဲလုံ့လ ဝီရိယအား၊ စည်းလုံးညီညွတ်မှုအားဖြင့် ရင်ဆိုင်ကျော်လွှားခဲ့

မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်နေ
စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများ စဉ်ဆက်မပြတ်ရရှိ

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ဦးထမ်းပဲ့ထမ်း ညီညွတ်စွာပူးပေါင်း
နိုင်ငံတော်ကြီး ဆတက်ထမ်းပိုး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှု စက်ရုံ (မြိုင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အဆိုပါစက်ရုံမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၇ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

18-1 (01).pmd 1 1/18/2009, 2:27 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း စက်မှုလုပ်ငန်းရှင်များနှင့် သုတေသနပညာရှင်များ လက်တွဲဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နောင်လာနောက်သား မျိုးဆက်သစ်များ အကျိုးရှိစေရေးအတွက် အခြေခံကောင်းဖြစ်စေမည့် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံပိုင်စက်ရုံကြီးများကို တည်ဆောက်လျက်ရှိသကဲ့သို့ စက်မှုဇုန် ၁၈ဇုန် ထူထောင်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဖွံ့ဖြိုးရန် အားပေးမြှင့်တင်ပေးလျက် ရှိသည်။

နိုင်ငံပိုင် စက်ရုံကြီးများတွင် Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှု စက်ရုံစီမံကိန်း၊ စက်မှုသင်တန်းကျောင်း (သာဂရ) စီမံကိန်း၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ)စီမံကိန်းနှင့် Transmission System ထုတ်လုပ်မှု စက်ရုံစီမံကိန်းများကို တည်ဆောက်ပေးသွားမည် ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်၍ Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို မကွေးတိုင်း မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာအနီး၌ တည်ဆောက်လျက်ရှိပေသည်။ ယင်းစက်ရုံ တည်ဆောက်ပြီးစီးပါက အကြီးစားကုန်တင်ယာဉ် တစ်နှစ်အစီး ၁၀၀၀ခန့်နှင့် စက်ပစ္စည်း အစိတ်အပိုင်း ၁၀၀၀ခန့်တို့ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ထို့ပြင် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း စက်မှုသင်တန်းကျောင်း(သာဂရ) စီမံကိန်းကို ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ၌လည်းကောင်း၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ)စီမံကိန်းကို မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၌လည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။

နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများအား ပုဂ္ဂလိကအဖြစ် လည်းကောင်း၊ ဖက်စပ်လုပ်ငန်းအဖြစ် လည်းကောင်း ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုထားပြီး ဖြစ်သည်။

သို့ဖြစ်ပေရာ အထူးစီမံကိန်းများတွင် ပါဝင်သော စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ စက်မှုလုပ်ငန်းရှင်များနှင့် သုတေသန ပညာရှင်များ အချိတ်အဆက်မိမိနှင့် ဘက်ပေါင်းစုံက ကြိုးပမ်းဖော်ဆောင်သွားကြမည်ဆိုပါက စက်မှုနိုင်ငံအဖြစ်သို့ အလျင်အမြန် ရောက်ရှိမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပရိတ်ကြီး (၁၁)သုတ်** (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၈:၀၀-၂:၀၀	Sunday Talk [ကျော်ဝင်း (Wave မဂ္ဂဇင်း)၊ ကိုကို (စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၈:၅၀-၂:၅၀	Soccer Update
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ပီတိနှလုံးရွှင်ကြည်ပြုံးစေခဲ့ရသော အထက(မုတ္တမ)၏ တတိယအကြိမ်မြောက် ဆရာပူဇော်ပွဲ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	မြန်မာ့ဆေးဖက်ဝင်အမည်ဆန်း တပင်တိုင်မြနန်း
၁၁:၅၅-၅:၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မြသက်မှု)
၁၂:၁၀-၆:၁၀	International Video Topics (ဇာတ်လိုက်တစ်ယောက်အကြောင်း)
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	Activities in the City (မြန်မာနိုင်ငံအတွင်း အမျိုးသားအဆင့် အာဆီယံသီချင်းပြိုင်ပွဲ ဆုရရှိသူများနှင့်တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	West Ham - Fulham	ESPN (Live)
၁၀:၂၅	Tottenham- Portsmouth	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Torino - Roma	5-Cartoons (Live)
၂:၀၀	Lazio-Juventus	5-Cartoons (Live)

မြဝတီရုပ်မြင်သံကြား

၁၈-၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁၆)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သစ္စာဗိမာန်ဖြင့် တည်ဆောက်ကြရာဝယ်**
၁၃:၃၀	၆။	ကျန်းမာသုတ
၁၃:၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၄)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	စည်းကမ်းလိုက်နာအေးကင်းကွာ
၄:၄၅	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၄)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၇)

ဘဏ်လုပ်ငန်းများမှန်ကန်မြန်ဆန်စွာအလေးထားဆောင်ရွက် လုပ်ငန်းတိုင်းကို စေတနာအရင်းခံဖြင့် ဖြည့်ဆည်းပေး

နေပြည်တော် ဇန်နဝါရီ ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် နေပြည်တော်ဘဏ်သို့ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် အထွေထွေမန်နေဂျာများက ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဌာနဆိုင်ရာငွေပေးအမိန့်ချလန်လုပ်ငန်းများ အပါအဝင် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးကလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ အလေးထားဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်းကို စေတနာအရင်းခံထားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ရှိ စီမံခန့်ခွဲရေးနှင့်စာရင်းဌာန၊ ချေးငွေစိစစ်ကြီးကြပ် ကွပ်ကဲရေးဌာန၊ သုတေသနလေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ဘဏ်တွင်း စာရင်းစစ်ဌာန၊ ငွေစုဘဏ်လုပ်ငန်းနှင့် စက်မှုငွေချေးဌာနတို့၌ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော် လယ်ဝေးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၇

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် MiCasa Hotel၌ ကျင်းပရာ ရှေးဦးစွာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(ကလေး/သူငယ်)ဦးစိန်ဝင်းနှင့် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင့်လွင်ဦးတို့က ကလေးသူငယ် အခွင့်အရေးဆိုင်ရာများနှင့် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် UNICEF, World Vision, Save the Children နှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ် ၁၀နေ ဒေါက်တာဦးလှမြင့်အောင်-ဒေါ်သန်းသန်းစည်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒုတိယအကြိမ် သိုင်းပညာစဉ်ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ ဗန်တိုအထူးစိန်ခေါ်ပွဲ ဖွင့်ပွဲတွင် မြန်မာ့ရိုးရာအမွေအနှစ် သိုင်းပညာစဉ်ပြသမှုနှင့် ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌရဲမှူးချုပ်သန်းဟန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြန်မာ့ရိုးရာသိုင်းပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဧည့်ပရိသတ်တို့ ကြည့်ရှုအားပေးကြသည်။

နှုတ်ဆက်

ရေးဦးစွာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ထူးဆန်းအံ့သြဖွယ်

ထို့နောက် မြန်မာ့ရိုးရာသိုင်းပညာရှင်ကြီးများနှင့် အားကစားသမားများက သိုင်းပညာစဉ်နှင့် မြန်မာ့ရိုးရာ အမွေအနှစ်များဖြစ်သည့် ထူးဆန်း အံ့သြဖွယ်ရာ ကာယသိဒ္ဓိစွမ်းရည်ပြကွက်များနှင့် ဗန်တိုအထူးစိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နန့်စလိန်တံတား ဖွင့်လှစ်ပေးသည့်အတွက် ရေခြားမြေခြားမဖြစ်တော့ဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်သွားပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်အကြားရှိ နန့်စလိန်ချောင်း တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက် နံနက်၉နာရီတွင် အဆိုပါတံတား၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်လိုက်သော နန့်စလိန်တံတားသည် ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့ကို ဆက်စပ်ပေးသော နာဂဒေသအတွက် ၂၀၀၉ခုနှစ် နှစ်သစ်ကူးလက်ဆောင် တံတားတစ်စင်းဖြစ်ကြောင်း၊ ယခင်က နာဂဒေသ လဟယ်မြို့နယ်သည် လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး ဝေးလံခေါင်းပါးသော ဒေသဖြစ်ခဲ့ကြောင်း၊ နန့်စလိန်တံတား ဖွင့်လှစ်ပေးနိုင်သည့်အတွက် ရေခြား၊မြေခြား မဖြစ်တော့ဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ၍ တစ်သွေးတည်း၊ တစ်သားတည်းဖြစ်သွားကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆောက်လုပ်ပေးခြင်းအတွက် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်၏စေတနာကို ဒေသခံ နာဂတိုင်းရင်းသားများ အနေဖြင့် နားလည်သိမြင်သဘောပေါက်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ ကြိုးပမ်းချီတက်ကြရန် လိုအပ်ကြောင်း၊ ဤတံတားကြီး တည်ဆောက်ပေးနိုင်ခြင်းကြောင့် နာဂဒေသမှထွက်ကုန်များကို ခန္တီးမြို့မှတစ်ဆင့် တင်ပို့နိုင်တော့မည်ဖြစ်၍ ဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ယခုတည်ဆောက်ပြီးစီးခဲ့သော နန့်စလိန်ချောင်းတံတားသည် တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ယူပြီးသည့်နောက်ပိုင်း စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၁၈၀အထက် တံတားစုစုပေါင်းမှာ နန့်စလိန်ချောင်းတံတားအပါအဝင် ၁၇စင်းမြောက်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကားပြော

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်း၍ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ဒေသခံ တပ်နယ်မှ ဗိုလ်မှူးကြီး အောင်ဆန်းချစ်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီးတို့က နန့်စလိန်ချောင်းတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက နန့်စလိန်ချောင်းတံတားကမွည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက ကမွည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

နန့်စလိန်ချောင်းတံတား

အဆိုပါ နန့်စလိန်ချောင်းတံတားသည် ခန္တီး-ဆင်သေ-လဟယ်ကားလမ်းပေါ်၌ တည်ရှိ၍ ပင်မတံတားအရှည် ပေ ၂၅၀နှင့် ယာဉ်သွားလမ်းအကျယ် ၁၀ပေရှိကာ တစ်လမ်းသွား သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၂၅တန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

သမုဒ္ဒရာနှင့် ပင်လယ်ရေတို့သည် သဘာဝအားဖြင့် သန့်ရှင်းမှုမရှိသည့်အပြင် အက်စစ်ဓာတ်များ ပါဝင်မှုများနေတတ်ကြောင်း၊ ငါးများသည် ရေထဲတွင် ပျော်ဝင်နေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လျှော့ကျစေအောင် ပြုလုပ်နိုင်စွမ်းရှိကြောင်း သုတေသနပြုချက်များ၌ ဖော်ပြထားသည်။

အသက်ရှင်ရပ်တည်ရေး

ထို့အပြင် ရေပျော်ငါးသတ္တဝါအမျိုးမျိုးတို့သည် ရေထဲတွင်ပါဝင်သော အဆိပ်ဓာတ်များကိုလည်း ကျဆင်းစေရန်ဆောင်ရွက်နိုင်ပြီး ရေတွင်ရှင်သန်ကျက်စားသော သတ္တဝါများ၏ အသက်ရှင်ရပ်တည်ရေးအတွက် ကူညီဆောင်ရွက်အကျိုးပြုပေးနိုင်သည့် သတ္တဝါများဖြစ်သည်ဟု ဆိုသည်။

ပြန်လည်ထုတ်ပစ်

ငါးများသည် ပင်လယ်ရေကိုသောက်သုံးပြီး ရေ၌ပျော်ဝင်လျက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို ကယ်လ်ဆီယမ်ကာဗွန်နိတ်ကဲ့သို့သော ကယ်လ်ဆီယမ်စွန့်ပစ်ပစ္စည်းများအဖြစ် ပြန်လည်ထုတ်ပစ်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ပါဝင်မှုနှုန်းကို လျှော့ကျစေခြင်းဖြစ်သည်။

သမုဒ္ဒရာများနှင့် ပင်လယ်ရေများတွင် ပါဝင်သော ကာဗွန်ဒိုင်အောက်ဆိုဒ်များကို ရေပျော်ငါးသတ္တဝါမျိုးစုံတို့က မည်သည့်ပမာဏမျှစုပ်ယူနိုင်ကြသည်ကို အတိအကျသိရှိရန် သို့မဟုတ် အနီးကပ်ဆုံးသိရှိရန် ဆက်လက်သုတေသနပြုကြရန် လိုအပ်နေသေးကြောင်း အမေရိကန်အဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိပ်ဓာတ်ပါဝင်မှု

သမုဒ္ဒရာနှင့် ပင်လယ်တို့တွင် ကျင်လည်ကျက်စားသော ငါးမျိုးစုံအရေအတွက်၊ ရေ၌ပျော်နေသော အက်စစ်ဓာတ် ပမာဏအချိုးအစားတို့ကို သုတေသနပြု တွက်ချက်ရန် ဆက်လက်ကြိုးစားရမည် ဖြစ်သော်လည်း ပဏာမသုတေသနပြုချက်များအရ ငါးများအနေဖြင့် သမုဒ္ဒရာနှင့်ပင်လယ်ရေတွင် အသက်ရှင်ရပ်တည်နိုင်ရန် အဆိပ်ဓာတ်ပါဝင်မှုနည်းပါးရန် အမြဲတမ်းကြိုးစားနေကြကြောင်း သိရသည်။

ငါးများအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပျော်ဝင်နေသော သမုဒ္ဒရာနှင့် ပင်လယ်ရေအပေါ်ပိုင်းရှိ အပင်ငယ်လေးများ၊ သတ္တဝါလေးများအား ကိုက်ဖြတ်ဖျက်ဆီးလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။ လက်ရှိသုတေသနပြုချက်အရ ပင်လယ်ပျော်ငါးများသည် ကာဗွန်ဒိုင် အောက်ဆိုဒ်ပျော်ဝင်မှုကို ၃ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းအကြား လျှော့ချပေးသည်ဟု ဆိုထားသည်။

(၁၉)ကြိမ်မြောက် မြန်မာဟာဂျီများ ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ-မွတ်စလင် အမျိုးသားရေးရာ အဖွဲ့ချုပ်၏ (၁၉)ကြိမ်မြောက် မြန်မာဟာဂျီများအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အစီအစဉ်အရ မြန်မာ-မွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကား

ယင်းနောက် မြန်မာ-မွတ်စလင် အမျိုးသားရေးရာ အဖွဲ့ချုပ် ဦးသျှောင်နာယကတစ်ဦးက ဂုဏ်ပြု အမှာစကား ပြောကြားပြီး မြန်မာဟာဂျီများ ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကာ ၂၀၀၈ ခုနှစ် မြန်မာဟာဂျီများ ကိုယ်စား ရန်ကုန်တိုင်းမှ ဟာဂျီတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃)ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃)၌ အသက် ၁၁၅နှစ်အရွယ် မြန်မာ့ဘွားသက်ရှည် ကမ္ဘာ့အသက်အရှည်ဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်နိုင်၊ အနောက်နှင့် ကွဲပြားသောအမြင်ဖြင့် ထိုင်းဝန်ကြီးချုပ်သစ်က မြန်မာနိုင်ငံအပေါ်ဆက်ဆံလို၊ ဆန်နှင့်ပဲအမျိုးမျိုးတိုးချဲ့တင်ပို့နိုင်ရေး ဒေသအလိုက် ကုမ္ပဏီများဖွင့်လှစ်သွားရန်စီစဉ်နေ၊ စီးပွားရေးလုပ်ငန်းရှင်များ ငွေကြေးအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံသားများဘဏ်က ချေးငွေပုံမှန်ထုတ်ချေးခဲ့ရ၊ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကို ပိုစပ်သောက်သုံးကုသစဉ် အရက်သောက်မိကသေဆုံးနိုင်၊ စင်ကာပူ သူနာပြု ဒီပလိုမာတက္ကသိုလ် ပညာသင်ဆုစာမေးပွဲကျင်းပမည်၊ Alpine Music Tour 2009နှင့်အတူ လေးဖြူစင်ပေါ်ပြန်တက်ပြီ၊ ကမ္ဘာ့စီးပွားရေးပြဿနာ မြန်မာနိုင်ငံသို့မကူးစက်ရန် ပူးပေါင်းအဖြေရှာသင့် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'ဘုရင်ခေတ်သတင်းစာမှ လွတ်လပ်ရေးခေတ်သတင်းစာသို့ လှိုင်းကြမ်း၊ ဝဲဂယက်၊ ကျောက်ဆောင်၊ ကန္တာရတွေဖြတ်ခဲ့'၊ 'အမှန်တရားကိုအရောင်ဆိုးသူများ' ရှုမြင်သုံးသပ်၊ လူမှုဘဝပုံရိပ် သုံးသပ်ဆောင်းပါးများဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ(၈)'၊ 'အစ္စရေးတို့က သေချာခိုင်မာတဲ့ အဖြစ်မှန်အပေါ်မှာ မသိကျိုးကျွန်ပြုလေ့ရှိပါတယ်'၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဘူထရို့စ် ဘူထရို့စ်ဂါလီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာကြီး၏ထက်ဝက်ခန့် စားနပ်ရိက္ခာအကျပ်အတည်းနှင့်ရင်ဆိုင်ရဖွယ်ရှိ၊ အစ္စရေးသည် ဝါရှင်တန်အစိုးရ၏ လူသတ်လက်နက်ဟု ဗင်နီဇွဲလားသမ္မတ စွပ်စွဲ၊ မိုဘိုင်းလ်ဖုန်းဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းခဲ့၍ သတို့သားလောင်းက သတို့သမီးလောင်းကို တရားစွဲ၊ အမျိုးသမီးတစ်ဦးက ချစ်သူအတွက် ကုမ္ပဏီမှငွေများကဲ့ဝှက်ယူ၊ ဖျားနာနေသော စင်ကာပူသူဌေးကြီး ကြိုးဒဏ်ကျခံရသော လူဆိုးဂိုဏ်းသားထံမှ ကျောက်ကပ်ရရှိ၊ ဘရစ်လီ၏အိမ်ကြီးကို ကမ္ဘာလှည့်ခရီးသွားများအတွက် ပြတိုက်အဖြစ်ပြောင်းလဲသွားဖွယ်ရှိ၊ တိုယိုတာကုမ္ပဏီက လုပ်သားတို့အား လစာလျှော့ချမှုအပေါ်မေတ္တာရပ်ခံစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည်တစ်ပြည်လုံးသို့ ဖြန့်ချီထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၀ ပြည့်နှစ်
(ပြာသိုလပြည့်ကျော် ၈ရက်)
(ဥပုသ်နေ့)
၁၈-၁-၂၀၀၉ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ **စီးဆင်းပါစေမေတ္တာရည်**
မေကဗျာ၊ ဖူးဖူး
(ဒါရိုက်တာ-ခင်ဇော်-ကုမုဒြာ)
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၁၅)
၁၂:၂၀ ၅။ Golf Magazine TV
၁၂:၄၀ ၆။ မြန်မာရုပ်ရှင် **ကျွန်တော်နှင့်ကိုဘကျော်**
ကျော်ဆွေ၊ကောလိပ်ဂျင်နေဝင်း၊ ဇော်ဝမ်း၊ တင်တင်ညို၊ စံရှားတင်
(ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၄:၄၅ ၇။ International News
၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄:၅၅ ၅။ တေးဂီတအစီအစဉ်
၅:၁၀ ၆။ **အမျိုးနှင့်မျိုး**
နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဧရာ၊ ဝင်းနိုင်(အနုပညာ)
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသ အခြေအနေ
၆:၃၅ ၁၀။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆:၅၅ ၁၁။ တစ်မျက်နှာတစ်ကွက်စာ **ဟတ်ချီး**
ကွန်းဇော်ထက်၊ ဦးချစ်ပြုံး၊ မြသင်းခြယ်၊ ဝွမ်းပုံကြီး
(ဒါရိုက်တာ-အာယု)
၇:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၁၂)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၄)
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရှုံဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၁၈။ အစီအစဉ်ပြီး၏။

ဂါဇာကမ်းမြောင်၌ အပစ်အခတ်ချက်ချင်းရပ်ဆိုင်းရန် ကုလသမဂ္ဂအထွေထွေညီလာခံက တောင်းဆို

ကုလသမဂ္ဂ ဇန်နဝါရီ ၁၇

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၈၆၀ကို အပြည့်အဝလေးစားလိုက်နာရန် ကုလသမဂ္ဂအထွေထွေညီလာခံက သောကြာနေ့တွင် မဲခွဲဆုံးဖြတ်လိုက်သည်။

အစ္စရေးတို့၏ ရက်သတ္တသုံးပတ်ကြာ စစ်ဆင်တိုက်ခိုက်မှုတွင် ပါလက်စတိုင်း ၁၀၀၀ကျော် သေဆုံးရသည့် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲမှုကို အပြည့်အဝနှင့် ချက်ချင်း လေးစားလိုက်နာရန် အထွေထွေညီလာခံက ဆုံးဖြတ်တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အတည်ပြု

ထိုဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ထောက်ခံမဲ ၁၄၂ မဲ၊ ကန့်ကွက်မဲလေးမဲနှင့် ကြားနေမဲ ရှစ်မဲဖြင့် မဲခွဲ အတည်ပြုခြင်းဖြစ်သည်။

တောင်းဆို

ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့ဝင်များ အပြည့်အဝ ရုပ်သိမ်းရေးဦးတည်ချက်၊ အပစ်အခတ်ရပ်စဲမှုကို အပြည့်အဝ ချက်ချင်းလေးစားလိုက်နာရေး၊စားနပ်ရိက္ခာ၊လောင်စာနှင့် ဆေးဝါးကုသမှုအပါအဝင် ဂါဇာကမ်းမြောင်တစ်ဝန်းလုံး လူသားချင်း စာနာထောက်ထားရေးအကူအညီများ အတားအဆီးမရှိ ထောက်ပံ့ပေးပို့ ဖြန့်ဖြူးရေးကို အဖွဲ့ဝင် ၁၉၂နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ အထွေထွေ ညီလာခံက တောင်းဆိုလိုက်သည်။

အဖွဲ့ဝင် ၁၁၈နိုင်ငံ ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မေတ္တာရပ်ခံချက်ဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ နှစ်ရက်ကြာ အရေးပေါ်အထူးအစည်းအဝေး အပြီးတွင် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရှိ ဆေးရုံတွင် မော်တာကျည်ဆန်ထိမှန်၍ ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးဝါးကုသနေသည်ကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ကယ်ကွတ်မြို့တော် အုပ်ချုပ်ရေးမှူးရုံးအနီး မော်တာစက်သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဆိုမာလီပင်လယ်ဓားပြများ ဒိန်းမတ်သင်္ဘောအား ပြန်လွှတ်ပေးလိုက်ပြီ

နိုင်ရိုဘီ ဇန်နဝါရီ ၁၇

အေဒင်ပင်လယ်ကွေ့တွင် ပြီးခဲ့သည့် နိုဝင်ဘာလက ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲခဲ့သည့် ဒိန်းမတ်သင်္ဘောအား သင်္ဘောသား ၁၃ဦးနှင့်အတူ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ရက်က ဒေသတွင်း ရေကြောင်းထိန်းသိမ်းရေး အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

အာဖရိကအရှေ့ပိုင်း အက်စ်ပီအေအဖွဲ့ ညှိနှိုင်းရေးမှူး အန်ဒရော်မာဝမ်ဂါရာက သင်္ဘောကုမ္ပဏီအနေဖြင့် ပင်လယ်ဓားပြများနှင့် ညှိနှိုင်းထားသည့် ပြန်ပေးငွေများ ပေးလိုက်ပြီးနောက် ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းက ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားသည်။

ဖြတ်သန်းသွားလာ

ဆိုမာလီယာနိုင်ငံ အနီးဝန်းကျင်တွင် ပင်လယ်ဓားပြတိုက်မှုများ ဖြစ်ပွားလျက်ရှိသော်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အရေးပါလှသည့် ကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာမှုမှာ များပြားလျက်ရှိသည်။

ယင်းဒေသ၌ နိုင်ငံအများစုမှ စစ်ရေယာဉ်များမှာလည်း သင်္ဘောများအား အကာအကွယ်ပေးနိုင်ရန်အတွက် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ လူကီယာဇွိုင်အရပ်ရှိ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးအဆောက်အအုံကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသော နိုင်ငံတကာ သစ်သီးဝလံပြပွဲတွင် ပြသထားသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။ (အဆိုပါပြပွဲ ဖွင့်လှစ်သည့် ယင်းနေ့တွင် နိုင်ငံတကာမှ ပြပွဲတင်သူပေါင်း ၁၆၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ကြက်ငှက်တုပ်ကွေးဖြစ်ပွားလျက်ရှိကြောင်း နီပေါမီဒီယာများ သတင်းထုတ်ပြန်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၇

နီပေါနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိသည်ဟု နီပေါအစိုးရက ဇန်နဝါရီ ၁၆ရက်တွင် တရားဝင်သတင်းထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

ဆုံးဖြတ်

မြို့တော် ခတ္တမန္ဒူ၌ ယင်းနေ့ မွန်းလွဲပိုင်းက အရေးပေါ် အစည်းအဝေးပြုလုပ်ပြီးနောက် နီပေါ-အိန္ဒိယနယ်စပ်ရှိ ဂျပါပြည်နယ် ကာကရာဗီတာမြို့မှ ဧရိယာ သုံးကီလိုမီတာအတွင်းရှိ ကြက်ငှက်များအား သုတ်သင် ရှင်းလင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။

စစ်ဆေး

ရောဂါဖြစ်ပွားသည့် ကြက်ကောင်ရေ ခုနစ်ကောင်ကို စစ်ဆေးကြည့်ရာ ခြောက်ကောင်မှာ ကြက်ငှက်တုပ်ကွေးကူးစက်ခံနေရသည်ကို သိရှိပြီးနောက် ၁၀ကီလိုမီတာအကွာရှိ ကာကရာဗီတာနယ်စပ်တစ်လျှောက် ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု ရှိမရှိကို တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး အရေးပေါ်အစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်

အစည်းအဝေး ဆုံးဖြတ်ချက်များအရ ကာကရာဗီတာမြို့နှင့် အနီးဝန်းကျင် ဒေသများကို ကြက်ငှက်တုပ်ကွေးရောဂါ အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားပြီး ကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆိုမာလီမြို့တော်မှ အီသီယိုးပီးယားတပ်များဆုတ်ခွာသူပုန်များက စစ်စခန်းအများစုကို သိမ်းပိုက်

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၇

ဆိုမာလီနိုင်ငံရှိ အီသီယိုးပီးယားနိုင်ငံမှ တပ်ဖွဲ့ဝင်များ၏ နောက်ဆုံးအသုတ် မိုဂါဒစ်ရှူးမြို့တော်မှ ထွက်ခွာသွားပြီးနောက် ကျန်ရစ်သည့် စစ်စခန်းအများစုကို အစ္စလမ္မစ်သူပုန်တပ်များက ပြန်လည်သိမ်းလိုက်ပြီဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

သိမ်းပိုက်

အစ္စလမ္မစ်သူပုန်များက စွန့်ပစ်သွားသော စစ်စခန်းခြောက်ခုအနက် လေးခုကို သိမ်းလိုက်ပြီး ဆိုမာလီယာယီအစိုးရကို သစ္စာခံသည့်တပ်များမှာ စစ်စခန်းနှစ်ခုကိုသာ ရယူနိုင်ကြောင်း သိရသည်။

ကြေညာ

ပြီးခဲ့သည့်လက အဗ္ဗဒူလာယူစွပ် သမ္မတရာထူးမှ နုတ်ထွက်သွားသည်။ ထိုအတောအတွင်း ဝန်ကြီးချုပ် နူးရ်ဟက်ထန်ဟူစိန်က ၄င်းအနေဖြင့် သမ္မတဖြစ်လိုကြောင်း ကြေညာသည်။ **(အင်တာနက်)**

အာဖဂန်နိုင်ငံရှိ ဂျာမနီသံရုံးရှေ့ ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ သုံးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ဂျာမနီသံရုံးဂိတ်တံခါးဝရှေ့တွင် ဇန်နဝါရီ ၁၇ရက်က အင်အားပြင်းဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အရပ်သားသုံးဦး သေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

မီးလောင်ပျက်စီး

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ အသေခံဗုံးခွဲ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဂျာမန်သံရုံးအပြင်ဘက်တွင် အသေခံကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဂျပန် ရပ်တည်လျက်ရှိ

ပေကျင်း ဇန်နဝါရီ ၁၇

ပြီးခဲ့သည့် ၂၀၀၈ခုနှစ်၏ ပထမ ၁၁လအတွင်း ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၆ဒသမ ၂ဘီလီယံရှိရာ ၂၀၀၇ ခုနှစ်ကထက် ၁၅ဒသမ ၂ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အထွေထွေစီမံခန့်ခွဲရေး အကောက်ခွန်ဌာနက ဇန်နဝါရီ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းပမာဏမှာ တရုတ်ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ ၁၀ဒသမ ၄ ရာခိုင်နှုန်းရှိရာ တရုတ်နိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဂျပန်နိုင်ငံမှာ ဆက်လက်ရပ်တည်လျက်ရှိသည်။ (အင်တာနက်)

ပဲခူးတိုင်းရှိ နဂါးပေါက်တံတား၊ နဂါးပေါက်ရေထိန်းတံခါး ပဲခူး-ညောင်လေးပင် လမ်းပိုင်းပြုပြင်ထိန်းသိမ်းမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၇နာရီခွဲက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ တောင်ငူတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ် (၇/၃)အနီးရှိ နဂါးပေါက်တံတားတည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ အင်ဂျင်နီယာမှူးက နဂါးပေါက်တံတား ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးက ဒိုက်ဦး-စစ်တောင်းလမ်း ဂဝံခင်းခြင်းနှင့် တံတားများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကိုမှာကြားကာ ရှင်းလင်းဆောင်မှ နဂါးပေါက်တံတားတည်ဆောက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဝေါမြို့နယ် နဂါးပေါက်ချောင်းနှင့် ခမုံ-မြစ်ကျိုးပြတ်ချောင်းဆုံရာအနီးရှိ နဂါးပေါက်ရေထိန်းတံခါး စီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးက နဂါးပေါက်ရေထိန်းတံခါးတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လုပ်ငန်းများပြီးစီးမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်း ဘုရားကြီးကျေးရွာအနီးရှိ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်၏ Toll Gate သို့ ရောက်ရှိကြပြီး Toll Gate၊ ဝန်ပိုချိန်ကတ္တားနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က ဘုရားကြီး-စစ်တောင်းလမ်းပိုင်း၌ တာဝန်ယူပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပြုပြင်ထိန်းသိမ်း

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူး-မန္တလေးလမ်း မိုင်တိုင်အမှတ် ၆၇/၁ ပျဉ်ပုံကြီးကျေးရွာအနီးရှိ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက် အခြေစိုက်စခန်းသို့ ရောက်ရှိကြရာ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာမှူးကြီးနှင့် အထွေထွေမန်နေဂျာတို့က တာဝန်ယူ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ပဲခူး-ညောင်လေးပင် လမ်းပိုင်း မိုင်တိုင်အမှတ် ၅၀/၀မှ မိုင်တိုင်အမှတ် ၉၈/၀အထိ ၄၈မိုင်အရှည် လမ်းပိုင်း အတွင်းလမ်းနှင့် တံတားများပြုပြင်တည်ဆောက်ခြင်းနှင့် AC လမ်းခင်းခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် လမ်းကြောင်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ဖြတ်သန်းကြည့်ရှုကြပြီး ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးက ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကိုလည်းကောင်း၊ ရှင်းလင်းဆောင်အနီးမှ တမံတည်ဆောက်နေမှုနှင့် ပြီးစီးမှု၊ ရေယူအဆောက်အအုံနှင့် ပင်မတမံ၊ ရေပိုလွှဲတည်ဆောက် ပြီးစီးမှုများကိုလည်းကောင်း၊ မော်တော်ယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ လုပ်ငန်းခွင်ရှုရပ်မှနေ၍ တမံကို စက်ယန္တရားများဖြင့် တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ မော်တော်ယာဉ်ဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာနှင့် တမံအောက်ခြေတည်ဆောက်ထားမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ပြည်နယ်နှင့်တိုင်းစည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းစည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၈ ခုနှစ် ဒုတိယလေးလပတ် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုအစီရင်ခံစာကို သုံးသပ်ရှင်းလင်းတင်ပြကာ ပြည်နယ်/တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်/တိုင်းအလိုက် ဆောင်ရွက်ပြီးစီးသော မြို့ပြ၊ ကျေးလက်လမ်းတံတားနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက စီမံခန့်ခွဲရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဥပဒေ၊ အခွန်နှင့် စစ်ဆေးရေးဆိုင်ရာ၊ အင်ဂျင်နီယာဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားသည်။

ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီခွဲတွင် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေက အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့် လုပ်ငန်းများကို သုံးသပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြိုး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်တို့က သက်ဆိုင်ရာ ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁နာရီတွင် ရုပ်သိမ်းလိုက်သည်။

စည်ပင်သာယာရေးဦးစီးဌာနသည် ခရိုင်ချင်းဆက်လမ်းများကို တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လမ်းအရှည်မိုင် ၄၀၀ တစ်ဖာလုံတွင် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူသည့်လမ်းအပိုင်း လမ်းအရှည် ၃၂၃ မိုင် ငါးဖာလုံအနက် မြေသားလမ်း ၃၂၃မိုင် ငါးဖာလုံ၊ ကျောက်ချောလမ်း ၃၂၃မိုင် ငါးဖာလုံ၊ ကတ္တရာလမ်း ၁၁၂မိုင် ခြောက်ဖာလုံကို လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းအရှည် မိုင် ၄၄၀ ခြောက်ဖာလုံတွင် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူထားသည့် လမ်းအပိုင်း လမ်းအရှည် ၁၆၃ မိုင်အနက် မြေသားလမ်း ၁၆၃ မိုင်၊ ကျောက်ချောလမ်း ၈၆ မိုင် နှစ်ဖာလုံ၊ ကတ္တရာလမ်း ၃မိုင်ကို လည်းကောင်း ဖောက်လုပ်ပြီးစီးကြောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ခရိုင် ချင်းဆက်လမ်း အမှတ်(၁)၌ ကတ္တရာလမ်း ၆၄ မိုင် ခုနစ်ဖာလုံ၊ ခရိုင်ချင်းဆက် လမ်းအမှတ်(၂)၌ ကျောက်ချောလမ်း ၃၃ မိုင်၊ ကတ္တရာလမ်း ၃၂ မိုင် ခုနစ်ဖာလုံတို့ကို ဆက်လက် ဖောက်လုပ်သွားမည်ဖြစ်သည်။

ဆောင်ရွက်ပေး

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း ၂၉၆ မိုင် ငါးဖာလုံနှင့် ကျေးလက်လမ်း ၉၀၇ မိုင် လေးဖာလုံ စုစုပေါင်း ၁၂၀၄မိုင် တစ်ဖာလုံတို့ကို အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ရန်လျာထားပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၈၄၈ မိုင် လေးဖာလုံ ပြီးစီးပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် မြို့ပြနှင့်ကျေးလက်လမ်းမိုင် ၅၉၃၆ မိုင် နှစ်ဖာလုံရှိရာမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းမိုင် ၃၈၈၂၃ မိုင် လေးဖာလုံအထိ တိုးတက်ဆောင်ရွက်နိုင်ကြောင်း၊ မြို့ပြရေပေးရေးလုပ်ငန်း ၇၁၄ ခုနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ၁၉၆၅ ခု စုစုပေါင်း ၂၆၇၉ ခု ဆောင်ရွက်ရန် လျာထားသည့်အနက် စုစုပေါင်းလုပ်ငန်း ၂၁၅၇ ခု ပြီးစီးပြီဖြစ်ကြောင်း၊ အပူပိုင်းဒေသ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့တွင် ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၂၄၅၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော သနပ္ပင်ကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးခိုင်တို့ ကွင်းဆင်းကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မန်ယူတို့ နောက်ဆုံးမိနစ်၌ဂိုးရပြီး တန်းစီဇယားကိုဦးဆောင် ချယ်လ်ဆီးတို့လည်း ကံကောင်းထောက်မစွာ အနိုင်ရ

ဖောင်ပိတ်
အားကစားသတင်း
မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁၇

ပရီမီယာလိဂ် ပွဲစဉ် (၂၂)ကို ဇန်နဝါရီ၁၇ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူတို့ဘာဘာတော့ဗ်၏ နောက်ကျဂိုးဖြင့် အဝေးကွင်း၌ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သလို ချယ်လ်ဆီးတို့လည်း ပွဲချိန်ပြည့်ခါနီးမှ ကံကောင်းထောက်မစွာ အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။ မန်ယူတို့ယခုပွဲ အနိုင်ရရှိသဖြင့် ပရီမီယာလိဂ် တန်းစီဇယားကို ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ဘော်လ်တန်နှင့်မန်ယူ

ဘော်လ်တန်တို့ ခြေရည်တူ ကစားနိုင်ခဲ့သဖြင့် မန်ယူတို့စောစီးစွာဂိုးမသွင်းနိုင်ခဲ့ချေ။ ဘော်လ်တန်တို့က မာကူကူလာကို တိုက်စစ်အထောင်ထားပြီး ဒေးဗစ်နှင့် တေလာတို့က ဝိုင်းရံထိုးဖောက်ကစားခဲ့ရာ

ဂိုးသွင်းခွင့်ကိုးကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သည်။ သို့သော် ဘော်လ်တန် တိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းမှု နှစ်ကြိမ်ကို မန်ယူဂိုးသမား ဗန်ဒါဆားကာကွယ်နိုင်ခဲ့သည်။

မန်ယူတို့က တီဗက်ဇ်နှင့်ဘာဘာတော့ဗ် တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့ပြီး ဖလက်ချာ၊ စီရိုနယ်ဒို၊ ကာရစ်နှင့် အန်ဒါဆင်တို့အား ထည့်သွင်းကစားခဲ့ရာ အဝေးကွင်းဖြစ်သော်လည်း ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဘော်လ်တန်တို့ဘက်သို့ တိုက်စစ်ဆင်ထိုးဖောက်ခဲ့သည်။ မန်ယူတို့က ဂိုးသွင်းခွင့် ၁၉ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းမှု ၁၀ကြိမ် ရရှိခဲ့သော်လည်း ဘော်လ်တန်ဂိုးသမား ဂျူစီလက်စွမ်းပြကာကွယ်နိုင်ခဲ့၍ မန်ယူတို့စောစီးစွာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ မန်ယူတို့အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မိနစ် ၉၀ ၌ တီဗက်ဇ် ဂိုးရှေ့တင်ပေးလိုက်သည့်ဘောလုံးကို ဘာဘာတော့ဗ် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ကံကောင်းစွာ သုံးမှတ်အပြည့်ရကာ အိမ်အပြန် မျက်နှာပန်းလှခဲ့သည်။

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဘာဘာတော့ဗ်(ဝဲ) ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ဆိုရန်ဆင်က ကာကွယ်နိုင်ခဲ့၍သာ ချယ်လ်ဆီးတို့တစ်ချိန်လုံးဂိုးမရခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း စတုတ်အတွက် အဖွင့်ဂိုးကို မိနစ်ဖ၀၌ စတုတ်တောင်ပံကစားသမား ဒီလက်က အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အငိုက်မိသွားခဲ့သည်။ သို့သော် ၈၈မိနစ်၌ချယ်လ်ဆီးမှ ဘယ်လ်လက်တီက ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိသည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို မိနစ် ၉၀၌ လမ်းပတ်က ဂိုးဧရိယာအစပ်မှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

ချယ်လ်ဆီးနှင့် စတုတ်တို့ပွဲတွင် ချယ်လ်ဆီးအတွက် ဘယ်လ်လက်တီ (ဝဲ) ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)





ချယ်လ်ဆီးနှင့်စတုတ်

အိမ်ကွင်း၌ ချယ်လ်ဆီးတို့မမျှော်လင့်ဘဲ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကာလူးနှင့်အနယ်လ်ကာဦးဆောင်သော တိုက်စစ်မှူးများက စတုတ်နောက်တန်းကို အကြိမ်ကြိမ်ကျော်ဖြတ်နိုင်ခဲ့ပြီး ဂိုးသွင်းခွင့် ၁၂ကြိမ် ရရှိခဲ့သော်လည်း စတုတ်ဂိုးသမား

အခြားပွဲရလဒ်များ

ဘလက်ဘန်း	၃-၀	နယူးကာဆယ်
မန်စီးတီး	၁-၀	ဝီဂန်
ဆန်းဒါးလန်း	၁-၂	ဗီလာ
ဝက်စ်ဘရွန်း	၃-၀	မစ်ဒယ်ဘရော့
ဟူးလ်စီးတီး	၁-၃	အာဆင်နယ်

(အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ လေပြင်းများကျနိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

ဇန်နဝါရီ ၁၈ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိ၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်တွင် သုညဒီဂရီစင်တီဂရိတ်၊ ဟားခါး၌ ၂ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်း၌ ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

လှိုင်းကြီးနိုင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်။

အရှေ့တောင်အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁၇

အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၁၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေများနှင့် လာမည့်နှစ်ရက်၌ ဖြစ်ပေါ်နိုင်ဖွယ်ရှိသောရာသီဥတုအခြေအနေများကို အင်တာနက်မှရယူ ဖော်ပြလိုက်ရပါသည်-

ဗီယက်နမ်၌လေပြင်းများတိုက်ခတ်နိုင်

ဗီယက်နမ်နိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်က မြောက်ပိုင်းဒေသများ၌ အအေးဓာတ်ပိုခဲ့သည်။ တစ်နိုင်ငံလုံးအပူချိန်မှာ ၂၂ဒီဂရီစင်တီဂရိတ်ရှိခဲ့သဖြင့် အရှေ့မြောက်ဒေသအချို့၌ ဆီးနှင်းများကျဆင်းခဲ့သည်။ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်၌ ညအပူချိန် ၂၀ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့ကြောင်း၊ နောက်နှစ်ရက်အတွက် မြောက်ပိုင်းဒေသများတွင် လေပြင်းများတိုက်ခတ်နိုင်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၅၀ခန့်ရှိနိုင်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားတစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၁၇ရက်က ပျမ်းမျှအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ကျဆင်းလာပြီး အအေးဓာတ် ပိုလာမည်ဖြစ်သည်။ မြို့တော် ဖနောင်ပင်၌ ဇန်နဝါရီ၁၇ရက်က နေ့အပူချိန်၂၃ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၂၀ဒီဂရီ စင်တီဂရိတ်အထိ ရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ္ဘောဒီးယားနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနိုင်ကြောင်းဖော်ပြသည်။

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ဖိလစ်ပိုင်ကမ်းလွန်၌လှိုင်းကြီးနိုင်

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ၁၇ရက်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပူချိန် အနည်းငယ်ပြန်မြင့်တက်ခဲ့သည်။ မြို့တော် မနီလာ၌ ညအပူချိန်များ အနည်းငယ် ပြန်မြင့်တက်လာမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ဖိလစ်ပိုင်ကမ်းလွန်၌ တစ်နာရီလျှင် မိုင်၄၀ကျော်တိုက်ခတ်သော လေပြင်းများကြောင့် လှိုင်းကြီးနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

ဘရူနိုင်း၌ပုံမှန်ရာသီဥတုသာရှိမည်

ဘရူနိုင်းနိုင်ငံ၏ ရာသီဥတုအခြေအနေမှာ ဇန်နဝါရီ၁၇ရက်၌ တစ်နိုင်ငံလုံးတွင် ပျမ်းမျှ၂၆ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ဘရူနိုင်းနိုင်ငံ အနောက်ပိုင်းဒေသအချို့တွင် ဆီးနှင်းကျဆင်းခဲ့သော်လည်း နောက်နှစ်ရက် အတွက် ပျမ်းမျှအပူချိန်များ လျော့ကျလာမည်ဟု ခန့်မှန်းထားသည်။

စင်ကာပူ

စင်ကာပူနိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၂၆ ဒီဂရီစင်တီဂရိတ်ရှိသည်။ စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၁၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေမှာ တစ်နိုင်ငံလုံး၌ အအေးပိုခဲ့သည်။ စင်ကာပူနိုင်ငံတွင် အချို့နေရာများ၌ ဆီးနှင်းများကျဆင်းခဲ့သော်လည်း သတင်းထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ ။ **ကိုးကား-အင်တာနက်**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၇

စာနယ်ဇင်းပညာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ကကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၁)ကို ဖေဖော်ဝါရီ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလနှစ်လခွဲခန့် (ဧပြီ ၁၀ရက်အထိ) ကြာမြင့်မည်ဖြစ်သည်။ စိတ်ဝင်စားသူများ အမှတ်၅၂၉ (ဒုတိယထပ်) ကုန်သည်လမ်းစာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၂၀ရက် ညနေ ၅နာရီနောက်ဆုံးထားပြီး စုံစမ်းလျှောက်ထားနိုင်သည်။

ကျောက်မျက်ဒီပလိုမာသင်တန်းဖွင့်မည်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနတွင် ကျောက်မျက်ခွဲခြားခြင်း ဒီပလိုမာဘွဲ့လွန်သင်တန်းကို ဖေဖော်ဝါရီ ၂၁ရက် (စနေနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်ကို ဖုန်း-၅၃၄၅၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ခရီးသွားနှစ်အကြို ဈေးရောင်းပွဲတော်ကျင်းပမည်

မြန်မာ့ကတ်တင်းကုမ္ပဏီ (MMC)ကကြီးမှူး၍ ၂၀၀၉ခုနှစ် ခရီးသွားရာသီအကြိုဈေးပွဲတော်ကို ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်တို့တွင် မန္တလေးမြို့ရှိ Mandalay Hill Resort ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဈေးပွဲတော်၌ ဇော်ဝင်းထွဋ်၊ ထွန်းအိန္ဒြာဗိုတို့၏ ဖျော်ဖြေပွဲနှင့်အတူ အထူးဈေးရောင်းပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါဈေးရောင်းပွဲတော်မှ ရရှိသောဝင်ငွေများကို မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်သည့်ကိစ္စများတွင် အသုံးပြုမည်ဖြစ်ပြီး Sun Far ကုမ္ပဏီက အဓိကကူညီပံ့ပိုးပေးထားသည်။

ရန်ကုန်ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများတွေ့ဆုံမည်

၁၉၆၅ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)သို့ ဝင်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ တွေ့ဆုံညစာစားပွဲကို ဇန်နဝါရီ ၂၄ရက် (စနေနေ့) ညနေ ၆နာရီခွဲ၌ ဗဟန်းအားကစားကွင်းအနီး M-3 Food စင်တာ၌ ကျင်းပမည်ဖြစ်သည်။

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

၁၉၈၁ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ရက်(စနေနေ့)နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပစ်မှတ်အပြင်ဘက်မှစကားလုံးများ စာအုပ်ဖြန့်ချိ

ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေပြီး ကျားပေါက်၏ ပထမဆုံး လုံးချင်းစာအုပ် ပစ်မှတ်အပြင်ဘက်မှ စကားလုံးများကို ဇန်နဝါရီ ၁၅ရက်က ထုတ်ဝေဖြန့်ချိထားသည်။

ဥက္ကံမြို့မအသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၈နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုများထုတ်ပြန်ကြေညာ

ထွန်းဖောင်ဒေးရှင်းစာပေဆု၏ ၂၀၀၇ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ရရှိသည့် စာအုပ်စာမူစာရင်းကို ဇန်နဝါရီ ၁၂ရက်က ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသူများသည် အမှတ် ၅၃ ဖိ၁ သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၈၀သို့ ဆက်သွယ်ကြရန်နှင့် ၂၀၀၈ခုနှစ်ထုတ် စာအုပ်များနှင့် ရေးသားပြုစုထားသော စာမူများ တင်သွင်းယှဉ်ပြိုင်လိုပါက ယခုနှစ်မှစ၍ စက်တင်ဘာ ၃၀ရက်အတွင်း ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီသို့ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

ဘဝပန်းတိုင်ဆောင်းပါးပေါင်းချုပ် ဖြန့်ချိ

ဘဝပန်းတိုင်အမည်ရှိ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ချစ်နိုင်(စိတ်ပညာ) ရေးသားပြီး ဆောင်းပါး ၁၇ပုဒ်ပါရှိကာ နိုင်စာပေ အမှတ် ၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။

စီလိုင်စင်ဘောလုံးနည်းပြသင်တန်းတက်ရောက်နိုင်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)တို့ ပူးပေါင်းဖွင့်လှစ်မည့် AFC "စီ"လိုင်စင်ဘောလုံးနည်းပြဆရာသင်တန်းကို လာမည့် ဇူလိုင် ၂ရက်မှစ၍ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများသည် မတ် ၃၀ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာနသို့ လျှောက်ထားနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ-ဝင်းကျော်

တိုင်းရင်းသားဒေသခံများ လူမှုရေးဘဝမြှင့်တင်နိုင်ရန် ဦးတည်ကြိုးပမ်းနေ

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတော် အကြီးအကဲအနေဖြင့် တစ်နိုင်ငံလုံးအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်ချက်များပြားသည့် နေရာဒေသများကို ပိုပြီးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ။ အစိုးရတစ်ရပ်အနေဖြင့် ကျေးဇူးတင်ခံရအောင်၊ ရုပ်ပြကောင်းအောင် လုပ်ပြနေခြင်းမျိုး မဟုတ်ဘဲ မိမိနိုင်ငံ ဖွံ့ဖြိုးရန်၊ မိမိလူမျိုး တိုးတက်ရန်အတွက် ရည်ရွယ်ပြီး စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းဖြစ်။ နိုင်ငံတော်က ထူထောင်တည်ဆောက်ပေးနေသည့် လုပ်ငန်းရပ်များအားလုံးသည် တိုင်းရင်းသားဒေသခံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေရန်၊ လူမှုရေးဘဝ မြှင့်တင်နိုင်ရန် အဓိက ဦးတည်ကြိုးပမ်းနေခြင်းသာဖြစ်။

■ *ရှေ့ဖုံးမှ*

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinotech International Corporation Ltd. မှ တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒိုးပတ်၊ မိုးဇာဗြောနှင့် မင်္ဂလာဆိုင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့သည် နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းသောနေ့တစ်နေ့ဖြစ်သကဲ့သို့ ပခုက္ကူခရိုင်မှ ဒေသခံပြည်သူများအတွက်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ပွင့်လန်းဝေဆာလာသည့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်သည်ဟု ဦးစွာပြောကြားလိုကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူချိန်ကစပြီး အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့သည့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ စနစ်တကျအသွင်ကူးပြောင်းနိုင်အောင် ကြိုးပမ်းထူထောင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ထူထောင်တည်ဆောက်ရာတွင် သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုး လုပ်ကိုင်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံနှင့်ပြည်သူအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် အထူးစီမံကိန်းကြီးများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သုံးစွဲရသည့်ငွေကြေးပမာဏများပြားသကဲ့သို့ လုပ်ငန်းပမာဏလည်း ကြီးမားကြောင်း၊ သို့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်စေမည့် အခြေခံအုတ်မြစ်ကောင်းများကို မှန်ကန်သည့် ဦးတည်ချက်များနှင့်အညီ ခိုင်ခိုင်မာမာ ထူထောင်အခြေချပေးနိုင်ခဲ့ကြောင်း။

တစ်ဖက်ကလည်း နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအလေးထားပြီး ဖော်ဆောင်ပေးခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်ယှဉ်တွဲပြီး တည်ငြိမ်အေးချမ်းမှုများ ကျယ်ပြန့်ခိုင်မာလာသည်နှင့်အမျှ စီးပွားရေး အခြေခံကောင်းများ၊ ပြည်သူများ ကျန်းမာစွာ သက်တမ်းစေ့နေနိုင်ရေးနှင့် ပညာရည်မြင့်မားရေး အခြေခံကောင်းများကို တိုးတက်ရရှိစေရန်အတွက် အထူးဒေသကြီး၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း။

နေ့မအားညမနား

ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မိမိတို့လက်ထက်တွင် တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံကောင်းများကို ဘက်စုံကဏ္ဍစုံကနေ ထူထောင်ပေးခဲ့ခြင်းအားဖြင့် နောင်လာနောက်သားများအတွက် အခြေခံအမွေကောင်းများ ဆက်ခံရရှိစေပြီး နိုင်ငံနှင့်ပြည်သူအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲမရှိ ဆက်လက်သယ်ပိုး ဆောင်ရွက်သွားနိုင်စေရန်ရည်ရွယ်ပြီး ယခုကဲ့သို့ နေ့မအားညမနား ကြိုးပမ်းထူထောင် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးနှင့် မိမိတို့၏ မျိုးဆက်သစ် နောင်လာနောက်သားများ လက်ထက်အထိ ရေရှည်အကျိုးဖြစ်ထွန်းရေးတို့ကို ဖော်ဆောင် နိုင်မည်ဆိုသည့် ခံယူချက်ဖြင့် ဖိဖိစီးစီး ထိထိရောက်ရောက် အကောင်အထည် ဖော်ပေးနေခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ထို့အပြင် ပြည်ထောင်စုကြီး၏နယ်မြေတစ်ခုနှင့်တစ်ခုအကြား ဆူကြို့နိမ့်မြင့် ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင်လည်း မဆုတ်မနစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တကယ့်စေတနာအရင်းခံပြီး မမောနိုင်မပန်းနိုင် ကြိုးစားပမ်းစား တည်ဆောက်ထူထောင်နေမှုကြောင့် အခက်အခဲအမျိုးမျိုးကြားကနေ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနေခြင်းဖြစ်ကြောင်း၊ အောင်မြင်မှုများကို အားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတစ်ဝန်းလုံးတွင် ဆည်တမံများ၊ မော်တော်ကားလမ်း၊ မီးရထားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ စက်ရုံအလုပ်ရုံများ တစ်ခုပြီးတစ်ခု အောင်မြင်စွာ ပြီးစီး ပေါ်ထွက်လာခဲ့ပြီဖြစ်သည့်အပြင် ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ပေးမည့် တက္ကသိုလ်၊ ကောလိပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အဆင့်မြင့်ဆေးရုံကြီးများ စသည်ဖြင့် မည်သည့်ခေတ် မည့်သည်အခါနှင့်မျှ မယှဉ်သာအောင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ယနေ့လက်တွေ့ ခံစား စံစားခွင့် ရနေကြပြီဖြစ်ကြောင်း။

ဦးတည်ကြိုးပမ်း

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတော် အကြီးအကဲအနေဖြင့် တစ်နိုင်ငံလုံးအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်ချက်များပြားသည့် နေရာဒေသများကို ပိုပြီးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ကျေးဇူးတင်ခံရအောင်၊ ရုပ်ပြကောင်းအောင် လုပ်ပြနေခြင်းမျိုး မဟုတ်ဘဲ မိမိနိုင်ငံ ဖွံ့ဖြိုးရန်၊ မိမိလူမျိုး တိုးတက်ရန်အတွက် ရည်ရွယ်ပြီး စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ထူထောင်တည်ဆောက်ပေးနေသည့် လုပ်ငန်းရပ်များအားလုံးသည် တိုင်းရင်းသား ဒေသခံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေရန်၊ လူမှုရေးဘဝမြှင့်တင်နိုင်ရန် အဓိက ဦးတည်ကြိုးပမ်းနေခြင်းသာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဒေသခံပြည်သူများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မကြည့်ဘဲ မိမိဒေသ ပခုက္ကူခရိုင် တစ်ခုတည်းကို ကွက်ပြီးကြည့်လျှင်ပင် မည်မျှအထိ ဖွံ့ဖြိုးတိုးတက်နေပြီ၊ ယခင်နှင့်ယခု မည်မျှပြောင်းလဲလာခဲ့ပြီဆိုသည်ကို အထင်အရှား တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်အကြီးအကဲ၏ ဤဒေသအပေါ်ထားရှိသည့် စိတ်ရင်း စေတနာကောင်းများကြောင့်ဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ မြိုင်မြို့နယ်အပါအဝင် ပခုက္ကူခရိုင်သည် မကွေးတိုင်းထဲတွင် ပါဝင်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အရေးပါသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ပခုက္ကူမြို့ကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းမြို့တော်ကြီး ဖြစ်လာအောင် စီမံဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသကြီး ၂၄ခုစီမံကိန်းကို ချမှတ်ဆောင်ရွက်ရာတွင်လည်း ပခုက္ကူဒေသကို ထည့်သွင်းပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဦးစားပေး စီမံဆောင်ရွက်ပေးမှုများကြောင့် ပခုက္ကူဒေသသည် အချိန်တိုအတွင်း နတ်ရေကန်ထဲချလိုက်သကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင် တိုးတက်လာခဲ့ခြင်းဖြစ်သည်မှာ သိသာထင်ရှားလှကြောင်း။

တိုးချဲ့စိုက်ပျိုး

ကျေးလက်နေပြည်သူအများစု၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် ငွေကြေးအမြောက်အမြားကျခံပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပခုက္ကူခရိုင်အတွင်း ၁၉၈၈ခုနှစ်မတိုင်မီက ဆည်၊ ကန်၊ တမံ၊ မြစ်ရေတင်၊ မြေအောက်ရေတွင်း စသည့် စိုက်ပျိုးရေရရှိရေး အထောက်အကူပေးနိုင်မှု လုံးဝမရှိခဲ့ရာမှ လက်ရှိတပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၈ခုနှစ်မှ ယခုအချိန်အထိ ဆည်၊ ကန်၊ တမံ ပေါင်း ၃၈ခု၊ တည်ဆောက်ဆဲနှစ်ခု၊ မြစ်ရေတင်စီမံကိန်း ၁၁ခု၊ တည်ဆောက်ဆဲ သုံးခုနှင့် မြေအောက်ရေ ရရှိရေးအတွက် တွင်းပေါင်း၄၆၀ တူးဖော်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေဧရိယာ ၄၃၈၃၇ဧကကို ကောင်းစွာအကျိုးပြုနိုင်ခဲ့ပြီး သီးနှံထုတ်လုပ်မှုတွင်လည်း များစွာတိုးတက် ဖြစ်ထွန်းအောင်မြင်လာခဲ့ကြောင်း၊ ရွှေကိုမလို ရေကိုသာလိုသည့် ပခုက္ကူဒေသတွင် ယခုကဲ့သို့ စိုက်ပျိုးရေရရှိအောင် နိုင်ငံတော်အပိုင်းက ကြိုးပမ်းထူထောင်တည်ဆောက်ပေးခဲ့သည့်အတွက် မိုးစပါးစိုက်ဧကပေါင်း ၁၃၀၄၃၇ဧကနှင့် နွေစပါး စိုက်ဧကပေါင်း ၁၁၁၁၇ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း တောင်သူများ ရေရှည်အကျိုးအတွက် စီမံဆောင်ရွက်ပေးနေဦးမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပညာရေးအပိုင်းကို ကြည့်လျှင်လည်း အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ယခု ပခုက္ကူခရိုင်တစ်ခုလုံး၌ အထက်တန်းကျောင်း ၁၉ကျောင်း၊ အလယ်တန်းကျောင်း ၄၇ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၉၄ကျောင်း၊ မူလတန်းကျောင်း ၈၄၅ကျောင်း အပါအဝင် အခြေခံပညာကျောင်းပေါင်း ၁၁၀၅ကျောင်းရှိလာခဲ့ပြီး ဒေသတွင်းပညာရေးအတွက် များစွာအထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ထို့အပြင် အဆင့်မြင့် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရေးအတွက် ပခုက္ကူတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ပခုက္ကူ)နှင့် ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)တို့ကိုလည်း အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများကို အခြေခံအသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေလိုသည့် စေတနာဖြင့် အိမ်တွင်းမှုသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အချက်တစ်ခုဖြစ်သည်နှင့်အညီ ဒေသအတွင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းများတိုးတက်ရရှိအောင် ဖော်ဆောင်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အလေးထား

ဒေသခံပြည်သူများ သက်ရှည်ကျန်းမာရေးအတွက် အလေးထားပြီး ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုများကိုလည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

တက်ရောက်အားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍ၌ နိုင်ငံတော်အပိုင်းရော ပုဂ္ဂလိကအပိုင်းများပါ

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ပိုင် စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိက

ယခုဆိုလျှင် နိုင်ငံတော်ပိုင်စက်ရုံ ၇၉၃ရုံနှင့် ပုဂ္ဂလိက စ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၂)စက်မှုဝန်ကြီးဌာန စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယခုဆိုလျှင် ပခုက္ကူခရိုင်၌ ခုတင်(၂၀၀)ဆံ့အထူးကုဆေးရုံကြီးအပါအဝင် ဆေးရုံပေါင်း ငါးရုံနှင့် တိုက်နယ်ဆေးရုံပေါင်း ၁၀ရုံ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လိုအပ်သည့် ကုသရေးဆိုင်ရာ ခေတ်မီကိရိယာများကိုလည်း တပ်ဆင်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ တာဝန်ယူ ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု အပိုင်းကိုကြည့်လျှင်လည်း ပခုက္ကူဒေသသည် ဧရာဝတီမြစ်ကြီး ခြားနေသည့်အတွက် မြစ်အရှေ့ဘက်ကမ်း ဒေသများနှင့် ဆက်သွယ်သွားလာမှုခက်ခဲခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းအတွင်း မြစ်အနောက်ဘက်ခြမ်းနှင့်အရှေ့ဘက်ခြမ်းကို ပေါင်းကူးဆက်သွယ်ပေးနိုင်ရန်အတွက် ဧရာဝတီမြစ်ကူးတံတားကြီးနှစ်စင်းအဖြစ် ချောက်မြို့နယ် ချောက်-ဆိပ်ဖြူလမ်းပေါ်၌ ၅၁၉၂ပေရှည်သည့် အနော်ရထာ တံတားကြီးနှင့် မကွေး-မင်းဘူးလမ်းပေါ်၌ ၈၉၈၉ပေရှည်သည့် ဧရာဝတီတံတား(မကွေး)တို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီးအဖြစ် ရေစကြိုနှင့် ချောင်းဦးဆက်သွယ်သည့် ၄၉၅၇ပေရှည်သော ဆင်ဖြူရှင်တံတားကြီးကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ထိုမြစ်ကူးတံတားကြီး သုံးစင်းမှတစ်ဆင့် ပခုက္ကူခရိုင်အပါအဝင် မြစ်အနောက်ဘက်ကမ်းမှ ဒေသခံများသည် အရှေ့ဘက်ခြမ်းဒေသများကို လွယ်လင့်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ပခုက္ကူဒေသသည် မြစ်အနောက်ဘက်ခြမ်း၏ ဗဟိုချက်မ ဖြစ်လာစေရန်အတွက် ၉၇မိုင် ၇ဖာလုံရှည်သည့် ပခုက္ကူ-ပေါက်-တပျဉ်း-ကျောက်ထု-မင်းတပ်လမ်း၊ မိုင်၁၄၀ရှည်သည့် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းတို့ကိုလည်း တိုးချဲ့ ဖောက်လုပ်ပေးခဲ့ကြောင်း၊ ဆိပ်ဖြူ-ကန်တွင်း-ပခုက္ကူလမ်းပေါ်၌ရှိသည့် ယောချောင်းတံတား၊ ပခုက္ကူ-ပေါက်-ကျောက်ထု လမ်းပေါ်၌ရှိသည့် နသိုးချောင်းတံတားအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး၊တံတားငယ်များအများအပြားကိုလည်း မြစ်အနောက်ဘက်ကမ်းဒေသအတွက် တည်ဆောက်ပေးခဲ့ကြောင်း၊ ယင်းတံတားကြီး၊ တံတားငယ်များသည် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် ပခုက္ကူဒေသ အပါအဝင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများကို အရှေ့ဘက်ခြမ်းဒေသများနှင့် အိမ်ဦးနှင့်ကြမ်းပြင် ဥဒဟို ကူးလူးဆက်သွယ်နိုင်အောင် စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်ဆိုသည်ကို ဒေသခံပြည်သူများက ပိုပြီးသိမြင် နားလည်နိုင်ကြမည်ဖြစ်ကြောင်း။

ဆက်ပြီးပြောရလျှင် မြစ်အနောက်ဘက်ခြမ်း ဒေသများရှိ ဒေသခံအချို့သည် မီးရထားကိုပင် မမြင်ဖူးလောက်အောင် နောက်ကျကျန်ရစ်ခဲ့ရသည့် အခြေအနေမှ ယခုအခါ မီးရထားဆက်သွယ်ရေးလမ်းကြောင်းများကိုပါ မြှင့်တင်တည်ဆောက်ပေးနေပြီ ဖြစ်ကြောင်း၊ ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်လျက်ရှိသကဲ့သို့ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း ပခုက္ကူ လေယာဉ်ကွင်းသစ်ကြီးကို ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့်အဆင့်အထိ အသစ်တည်ဆောက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယနေ့အချိန်တွင် ဤဒေသ၌ရှိသည့် ပြည်သူများအနေဖြင့် ကား၊ ရထား၊လေယာဉ်၊သင်္ဘော စသော လမ်းပန်းဆက်သွယ်မှု အရင်းအမြစ်အားလုံးအသုံးပြုပြီး တစ်နိုင်ငံလုံးကို လွယ်လင့်တကူ ဆက်သွယ်သွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

စက်မှုကဏ္ဍသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အရေးပါသော ကဏ္ဍ ဖြစ်သည်နှင့်အညီ တစ်နိုင်ငံလုံးတွင် စက်မှုဇုန် (၁၈)ဇုန်၊ ဇုန်ခွဲ (၂၈)ခု ဖွင့်လှစ်ပြီး ပုဂ္ဂလိကကဏ္ဍ တိုးတက်လာအောင် မြှင့်တင်အားပေးခဲ့ကြောင်း၊ ယင်းစက်မှုဇုန် (၁၈)ဇုန်တွင် ပခုက္ကူစက်မှုဇုန်သည်လည်းတစ်ခုအပါအဝင်ဖြစ်ပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင်အတွင်း ၁၉၈၈ခုနှစ်တွင် နိုင်ငံပိုင်စက်ရုံလေးရုံသာရှိခဲ့ရာမှ ယခုဆိုလျှင် နိုင်ငံပိုင်စက်ရုံ ၁၂ရုံနှင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၅၇၈ရုံအထိ တိုးတက်ဖြစ်ထွန်းလာ ခဲ့ပြီဖြစ်ကြောင်း၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ ဆေးဆိုးပန်းရိုက်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ကျွန်းချောင်းခာတ်မြေဩဇာစက်ရုံ၊ စီးကရက်စက်ရုံ၊ ဗာဂျီးနီးယားဆေးစပ်လုပ်ငန်းစက်ရုံ စသည့် စက်ရုံကြီးများသည် ဒေသခံလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခဲ့သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုအပိုင်းတွင် တစ်တပ်တစ်အား ပါဝင်ထောက်ကူ ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ဒေသအနေဖြင့် ဂုဏ်ယူဖွယ်ကောင်းသော တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

အားလုံးကိုခြုံကြည့်လျှင် နိုင်ငံတော်အနေဖြင့် ပခုက္ကူဒေသကို မြစ်အနောက်ဘက်ခြမ်း၏ ဗဟိုချက်မအဖြစ်ရည်မှန်းပြီး အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးနေသည်ဆိုသည်မှာ ထင်ရှားလှကြောင်း၊ ပခုက္ကူခရိုင်၌ရှိသည့် လူဦးရေ ၁ဒသမ ၅သန်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းကြဆ ဖော်ဆောင်ပေးနေသည်မှာ ပေါ်လွင်လှကြောင်း၊ ယခုကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံ နိမ့်မြင့် ကွာဟချက်များ အမြန်ဆုံး လျော့နည်းသွားအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး အလေးထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော်၏စေတနာကိုနားလည်သဘောပေါက်ပြီး နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ဒေသခံများအနေဖြင့် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါသည်ဟု ပြောကြားလိုကြောင်း။

အခြေခံအုတ်မြစ်

ယခုဆိုလျှင် ဒေသ၏ဂုဏ်ကို ထပ်မံတိုးမြှင့် ဆောင်ကြဉ်းပေးနိုင်မည့် စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံ(မြိုင်)ကို ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤစက်ရုံစီမံကိန်းကို အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၁သန်း သုံးစွဲကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကြီးစား စက်မှုလုပ်ငန်းများအတွက်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီး၌ရှိသည့် စက်မှုဇုန်များမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်းကောင်း အထူးအကျိုးကျေးဇူးပြုနိုင်မည့် စက်ရုံသစ်ကြီးတစ်ရုံ ပေါ်ထွက်လာပြီဖြစ်၍ အနာဂတ်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဂုဏ်ပြုကြိုဆိုကြရမှာပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍ၌ နိုင်ငံတော်အပိုင်းရော ပုဂ္ဂလိက အပိုင်းများပါ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်ကြည့်လျှင် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ပိုင် စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိကစက်ရုံ၊အလုပ်ရုံ၃၅၀၀၀ ဝန်းကျင်ရှိရာမှ ယခုဆိုလျှင် နိုင်ငံတော်ပိုင်စက်ရုံ ၇၉၃ရုံနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၁၁၃၀၀၀ အထိ ရှိလာခဲ့ပြီး စက်မှုကဏ္ဍအနေဖြင့် ယခုနှစ်တွင် ၂၁ဒသမ ၂ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ အလားတူ ယခုအသစ်ဖွင့်လှစ်လိုက်သည့် စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံ(မြိုင်) အပါအဝင် ပခုက္ကူဒေသအတွင်း တည်ဆောက်ထားသော စက်ရုံ အလုပ်ရုံ အသီးသီးသည်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားဝတ်နေရေး စသည့် လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်း ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ဤဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက် (၄)ရပ်ချမှတ်ပြီး တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊စက်ကိရိယာအမယ်သစ်များတိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိနိုင်ရေးဆိုသည့် ဦးတည်ချက် (၅)ရပ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု စက်ကိရိယာ ထုတ်လုပ်မှု စက်ရုံ(မြိုင်) စီမံကိန်းသည် ယင်းဦးတည်ချက် (၅)ရပ်နှင့်အညီ ထူထောင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုစတင်လည်ပတ်ထုတ်လုပ် ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်အကျိုးပြုနိုင်မည်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ပတ်သက်ဆက်နွှယ်နေသည့် ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲမှုများကို တစ်ချိန်တည်းတွင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ တစ်ဖွဲ့တည်းက ရုန်းကန်လှုပ်ရှား ဆောင်ရွက်နေ၍မဖြစ်ဘဲ ပြည်သူအများကလည်း ဦးထမ်းပဲ့ထမ်း ညီညီညွတ်ညွတ် နားလည်မှုရှိရှိဖြင့် ဝိုင်းဝန်းလုပ်ကိုင်ကြရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်
လာရန် အခြေခံ အုတ်မြစ်ကောင်းများကို စိတ်
တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူအ
စေတနာမှန်၊ လုပ်ရပ်မှန်များကို သိမြင်အားပေး
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတု
အခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင်
၉၂ဒသမ၄၈ရာခိုင်နှုန်းအထိ မဲပေးကာ တစ်ခဲနက်
ပြီးဖြစ်ကြောင်း၊ ပဉ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုက
ပွဲကို၂၀၁၀ပြည့်နှစ်တွင်ကျင်းပပေးမည်ဖြစ်ကြောင်း၊
ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့် နိုင်ငံတော်၏
ပကတိအခြေအနေများကို နားလည်နိုင်စွမ်းမရှိဘဲ
အယုက်မျိုးစုံ၊ ဖိအားမျိုးစုံပေးနေကြသော်လည်း
ခရီးပန်းတိုင်သည် တဖြည်းဖြည်း နီးကပ်နေပြီဖြစ်
အခြေအနေမျိုးတွင်မဆို နိုင်ငံတော်ကြီးအေးချမ်းသာ
စေရန် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး
ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း

အားထုတ်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခု
ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်အောင် အလေးထား
နိုင်ငံတော်အနေဖြင့် အခက်အခဲများစွာကြားမှ ကြိုး
နေရခြင်းဖြစ်ကြောင်း၊ မည်သည့်အခက်အခဲ အ
ထက်သန်သော ဇွဲ၊ လုံ့လ၊ ဝီရိယအား၊ ခိုင်မြဲလေး

ယနေ့ နိုင်ငံတစ်ဝန်းလုံးတွင် ဆည်တမံများ၊ မော်တော်ကားလ
လမ်းများ၊ မြစ်ကူးတံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ စက်
တစ်ခုပြီးတစ်ခု အောင်မြင်စွာပြီးစီးပေါ်ထွက်လာခဲ့ပြီ ဖြစ်သည့်အပြ
လူ့အရင်းအမြစ်များ မွေးထုတ်ပေးမည့် တက္ကသိုလ်၊ ကောလိပ်များ၊
စောင့်ရှောက်မှုပေးမည့် အဆင့်မြင့်ဆေးရုံကြီးများ စသည်ဖြင့် မ
မည်သည့်အခါနှင့်မျှ မယှဉ်သာအောင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိ၊ ပြ
ဖြင့်လည်း ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ယနေ့
ခံစား စံစားခွင့်ရနေကြပြီ။

…လိကအပိုင်းများပါ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်လျက်ရှိ

…၂၄ရုံနှင့် ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၅၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ

…ရုံနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၁၁၃၀၀၀ အထိ ရှိလာပြီ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရန် အခြေခံ အုတ်မြစ်ကောင်းများကို စိတ်ရင်းစေတနာ သန့်သန့်ဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူအပေါင်းက တည်ဆဲအစိုးရ၏ စေတနာမှန်၊ လုပ်ရပ်မှန်များကို သိမြင်အားပေး ထောက်ခံခဲ့ကြပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်သူလူထုတစ်ရပ်လုံးက ၉၂ဒသမ၄ရာခိုင်နှုန်းအထိ မဲပေးကာ တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြပြီးဖြစ်ကြောင်း၊ ပဥ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို၂၀၁၀ပြည့်နှစ်တွင်ကျင်းပပေးမည်ဖြစ်ကြောင်း၊ပြည်ပနိုင်ငံအချို့နှင့်ပြည်တွင်းဆန့်ကျင်ဘက်အုပ်စုများအနေဖြင့် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်နေသော ပကတိအခြေအနေများကို နားလည်နိုင်စွမ်းမရှိဘဲ အဘက်ဘက်က အနှောင့်အယှက်မျိုးစုံ၊ ဖိအားမျိုးစုံပေးနေကြသော်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် ခရီးပန်းတိုင်သည် တဖြည်းဖြည်း နီးကပ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့် အခြေအနေမျိုးတွင်မဆို နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အဖျက်သမားအန္တရာယ်ကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

အားထုတ်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့ နိုင်ငံတော်၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်အောင် အလေးထားလုပ်ကိုင်ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲများစွာကြားမှ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ မည်သည့်အခက်အခဲ အတားအဆီးပင်ရှိရှိ ကြီးမားထက်သန်သော ဇွဲ၊ လုံ့လ၊ ဝီရိယအား၊ ခိုင်မြဲလေးနက်သော စည်းလုံးညီညွတ်မှုအားများဖြင့် ရင်ဆိုင်ကျော်လွှားဖြတ်သန်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်စေတနာဖြင့် အားထုတ်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တစ်သားတည်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ စဉ်ဆက်မပြတ် ရရှိနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဦးထမ်းပဲ့ထမ်း ညီညွတ်စွာပူးပေါင်းပြီး နိုင်ငံတော်ကြီး ဆတက်ထမ်းပိုး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ မိမိတို့ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်စည်ပင်အောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အားထုတ် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ဦးစောထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မင်္ဂလာမုခ်ဦးသို့ သွားရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့်စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Machine Shop အတွင်းရှိ CNC Machine များ၊ Assembly Shop(1) အတွင်းရှိ CNC Machine များနှင့် CNC Tutor Room တွင် CNC စက်ကိုင်တွယ်မောင်းနှင်နိုင်ရန် လေ့ကျင့်နေမှုနှင့် ပရိုဂရမ်ရေးသွင်းနေမှု၊ Mould & Die Macking Shop အတွင်းရှိ CNC တွင်ခုံများနှင့် ရိုးရိုးတွင်ခုံများ၊ Ware House အတွင်းရှိ စက်သုံး ကိရိယာတန်ဆာပလာ၊ စက်အစိတ်အပိုင်းများ၊ စက်အပိုပစ္စည်းများနှင့် ကုန်ကြမ်းများ သိုလှောင်မှုနှင့် ထုတ်ပေးမှု၊ Foundry Shop အတွင်းတွင် သံရည်ကျိုစက်များ၏ ပုံထောင်း၊ ပုံလောင်းခြင်းလုပ်ငန်းများ လုပ်ဆောင်မှု၊ Heat Treatment Shop အတွင်းတွင် သံထည်ပစ္စည်းများကို အမာတင်ခြင်းနှင့် အမာဖျော့ခြင်းလုပ်ငန်းများ လုပ်ဆောင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါဖွင့်ပွဲအခမ်းအနား မစတင်မီ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပခုက္ကူ စက်မှုနယ်မြေ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန်နှင့် အခြားအမယ်သစ်စက်များ ထုတ်လုပ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်) စီမံကိန်း ဖြစ်ပေါ်လာပုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinotech International Corporation Ltd. နှင့် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတို့ စီမံကိန်းသဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့မှု၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနည်းပညာဒီဇိုင်း၊ စက်ရုံ၏တည်နေရာ၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် စက်ရုံမှဈေးကွက်အတွင်းလိုအပ်လျက်ရှိသည့် စက်ပစ္စည်းများ ထုတ်လုပ်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူများ စက်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်၊ အရည်အသွေးကောင်းသည့် ခေတ်မီစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများနေရာတွင် အစားထိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ စက်ပစ္စည်းများထုတ်လုပ်ရာတွင် ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပရောင်းချနိုင်သည့် အရည်အသွေးကောင်းပြီး သပ်ရပ်သောစက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးမျှော်မှန်းဆောင်ရွက်ရန်၊ စီမံကိန်းပါလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ပုံစံငယ်ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်ရုံမှ ထုတ်လုပ်မည့် စက်ပစ္စည်းပုံစံငယ်ကို ပေးအပ်သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinotech International Corporation Ltd. မှ Chairman, Mrs. Lisa Li က ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရစ္စတယ်ရွက်လှေငယ်ကို ပေးအပ်သည်။

တည်ရှိ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်သည့် စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)သည် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် မြိုင်-ကမ္မကားလမ်း၏ လက်ယာဘက် မိုင်တိုင် ၄/၀နှင့် ၇/၀အကြားတွင် တည်ရှိသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါ စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်)မှ CNC Lathe (ML 258)၊ CNC Lathe (ML-260)၊ Semi CNC Lathe (DL-660)၊ Heavy Duty Precision Lathe (HG-720)၊ Plate Rolling Machine (HR-0613)၊ Bed Type Vertical & Horizontal Milling Machine (JY-H 480)၊ Plano Milling Machine (CI 900 × 2500)၊ Radial Drilling Machine (TF-1100S)၊ Radial Drilling Machine (TF-1700 H)၊ Universal Cylindrical Grinding Machine (G 27-55 AGC) နှင့် Precision Surface Grinding Machine (C&Y 50-100 AHR) စက်များကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အစိုးရဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက လိုအပ်ချက်အရ မှာကြားအပ်နှံသည့် စက်ပစ္စည်းနှင့်စက်များကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှု

အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်)တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

…ဆည်တမံများ၊ မော်တော်ကားလမ်း၊ မီးရထား
…ရေအားလျှပ်စစ်စက်ရုံများ၊ စက်ရုံအလုပ်ရုံများ
…ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည့်အပြင် ပညာတတ်
…မည့် တက္ကသိုလ်၊ ကောလိပ်များ၊ ကျန်းမာရေး
…ဆေးရုံကြီးများ စသည်ဖြင့် မည်သည့်ခေတ်
…င် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိ၊ ပြည်သူများအနေ
…က်မှု၏ အသီးအပွင့်များကို ယနေ့ လက်တွေ့

တရားစီရင်ရေးလုပ်ငန်း မှန်မှန်နှင့် မြန်မြန်ပြီးပြတ်ရေး ဝန်ထမ်းများ အရည်အချင်းတိုးတက်အောင် ကြိုးစား နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိရှိဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၁၇

တရားသူကြီးချုပ် ဦးအောင်တိုးသည် ဇန်နဝါရီ ၁၂ရက် နံနက် ၈နာရီခွဲက မန္တလေးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ တရားရေးဝန်ထမ်းများအား တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။ (အောက်ပုံ)

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးအောင်တိုးက တရားစီရင်ရေးလုပ်ငန်း မှန်မှန်နှင့်မြန်မြန် ပြီးပြတ်ရေးအတွက် တာဝန်ထမ်းဆောင်သူများသည် အရည်အချင်းများတိုးတက်လာအောင် နေ့စဉ်နှင့်အမျှ လေ့လာကြိုးစားမှုများပြုရန် လိုအပ်ကြောင်း၊ တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာရှိရှိဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တရားစီရင်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ အများပြည်သူက ယုံကြည်လေးစားမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသွားသည်။

(ခရိုင်တရားရုံး)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

လားရှိုး ဇန်နဝါရီ ၁၇

၂၀၀၈ခုနှစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၄ရက် နံနက်ပိုင်းက လားရှိုးမြို့ ရပ်ကွက်(၁၂) ခွန်စိုင်းတင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် မူဆယ်မြို့နယ်အသင်းနှင့် လားရှိုးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မူဆယ်မြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ပထမဆု၊ ဒုတိယဆုနှင့်အကောင်းဆုံး အားကစားသမားများအား ဆုများချီးမြှင့်ပြီး တံခွန်စိုက်ဆုဖလားရ မူဆယ်မြို့နယ်အသင်းအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဆုဖလားကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၂၆)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

နှတ်မောက်မြို့ တန်းလတ်ကျောင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်

နတ်မောက် ဇန်နဝါရီ ၁၇

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့မရပ်ကွက် တန်းလတ်ကျောင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက်က အဆိုပါလမ်းမှန်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုနှင့် အမှုဆောင်အရာရှိ ဦးကံချွန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။ (မြို့နယ်စည်ပင်)

နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဗဟန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှိ ကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်နှင့် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးတင်ကိုက ပြည်ထောင်စုစိတ်ဓာတ်နှင့် သာလွန်လှပသော မနက်ဖြန်အကြောင်း ဟောပြောပြီး **(အောက်ပုံ)** ကျောင်းသား ကျောင်းသူလေးများက ပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)

အောင်လံမြို့နယ်စည်ပင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

အောင်လံ ဇန်နဝါရီ ၁၇

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် မြနန္ဒာဈေးတို့တွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဈေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသက်အောင်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သည်။ ထို့နောက် အမှုဆောင်အရာရှိက မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက်မီးချိတ်၊မီးကပ်၊ သဲနှင့် မီးသတ်စက်ငယ်များ အသင့်ထားရှိမှု၊ မီးသတ်ရေကန်များ ရေဖြည့်နေမှုတို့ကို အနီးကပ်ကြီးကြပ်မှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့ သာယာလှပရေး ဆောင်ရွက်

စစ်ကိုင်း ဇန်နဝါရီ ၁၇

စစ်ကိုင်းမြို့ ရတနာပုံတံတား ချဉ်းကပ်လမ်းဘေးတွင် အာသောကပင်များ စိုက်ပျိုး၍ ပန်းခြင်းများကာရံပြီး သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က ဒီဇင်ဘာ၂၉ရက်တွင် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင် ပျော်ဘွယ်-တဲကြီးကုန်းလမ်း ကျောက်ချောလမ်းခင်း

မိုးညှင်း ဇန်နဝါရီ ၁၇

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပျော်ဘွယ်-တဲကြီးကုန်းလမ်း အပိုင်း (၂) သဲကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ဒီဇင်ဘာ ၇ရက်က ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ်တွင် ပညာ့အမွေ စာကြည့်တိုက်ဖွင့်

အုတ်တွင်း ဇန်နဝါရီ ၁၇

အုတ်တွင်းမြို့နယ် သံဘိုကျေးရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာ့အမွေ စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် မွန်းတည့်၁၂နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်၊ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လှူဒါန်း

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးသိန်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်လွင်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကြိုင်က သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၅၀နှင့် ဂျာနယ်မျိုးစုံ အစောင် ၃၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

IBTC ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က Professional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော မင်းနိုင် (Srison)အား ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ဒုတိယပွဲစဉ် အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၁၄ရက်တွင် မန္တလေးတိုင်း မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဆုများချီးမြှင့်

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ International Beverages Trading Co.,Ltd. Executive Director ဦးတင့်ဦးက Hole-in-One ဆုရရှိကြသော သန်းနိုင် (Srixon) နှင့် အေးကို (Srixon) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက အမျိုးသား အပျော်တမ်း နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း၊ ဗိုလ်မှူးချုပ်လှဝင်းက Professional Golfers အဆင့်ပြိုင်ပွဲ၌ နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု(Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် International Beverages Trading Co., Ltd. Executive Director ဦးတင့်ဦးက အမျိုးသားအပျော်တမ်း အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် တတိယရရှိသော အောင်ဝင်း(သစ်တော)၊ စုစုပေါင်း ရိုက်ချက် ၂၈၅ချက်ဖြင့် ဒုတိယ ရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်း ရိုက်ချက် ၂၈၄ချက်ဖြင့် ပထမရရှိသော ဘိုဘိုတို့အားလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က Professional Golfers အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၄ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ဒုတိယရရှိသော လှမျိုး (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့် ပထမရရှိသော မင်းနိုင် (Srixon)တို့အားလည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပထမရရှိသောမင်းနိုင် (Srixon)အား ဆုဖလားနှင့်ဆုကြေးငွေကျပ် (ချက်လက်မှတ်)ကို ပေးအပ်ချီးမြှင့်သည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲတွင် ပထမရရှိသော ဘိုဘိုအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ Professional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသောမင်းနိုင် (Srixon) အား ဆုကြေးငွေ(ချက်လက်မှတ်)ကို လည်းကောင်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် International Beverages Trading Co., Ltd. က ချီးမြှင့်သော အမှတ်တရ လက်ဆောင်နှင့် ဂေါက်ကွင်းအတွက် ဂုဏ်ပြုငွေကျပ် ၁၀သိန်းကို IBTCမှ Executive Director ဦးတင့်ဦး ကလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ချီးမြှင့်သော ဂေါက်ကွင်းအတွက် ဂုဏ်ပြုငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်ကလည်းကောင်း ပေးအပ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်က လက်ခံသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးပြီး Co. Sponsors များဖြစ်ကြသော Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd. KBZ Bank Ltd., MGW Construction Ltd., Alpine Purified Drinking Water, MY Associates Co., Ltd., Srixon, ကျားခေါင်းဘီလပ်မြေ၊ KM Golf Center, ACCEL International Co., Ltd.(Canon), Lifeline (DHEA-Plus) နှင့် ဆင်မင်းပုဆိုးတို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့်
ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ Air Bagan၊ F.C နဲ့ မြန်မာ့မီးရထား၊ ပြည်ထဲရေးနဲ့ သစ်တောရေးရာတို့ သရေပွဲများ ဖြစ်သွားပါတယ်။

အောင်ဆန်းကွင်း

Air Bagan F.C - တစ်ဂိုး
မြန်မာ့မီးရထား - တစ်ဂိုး

ပြိုင်ပွဲအစတုန်းက ရလဒ်ကောင်းတွေရှိခဲ့ပေမယ့် စွမ်းအင်၊ လယ်ယာ/ဆည်မြောင်း တို့ကို နှစ်ပွဲဆက် ရှုံးနိမ့်ထားတဲ့ Air Bagan အသင်းဟာ အခုပွဲမှာ ရှုံးပွဲဆက်မှုကို ရပ်တန့်နိုင်ခဲ့ပေမယ့် နိုင်ပွဲနဲ့ ဝေးခဲ့ရပါတယ်။ Air Bagan အသင်းဟာ ဇင်မင်းဦးရဲ့ ဂိုးနဲ့ မိနစ် ၈၀ကျော်အထိ အနိုင်နဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ၈၄မိနစ်မှာ ဂိုးသမားရဲ့ အမှားကနေ ချေပဂိုး ပြန်ပေး လိုက်ရတာကြောင့် အနိုင်ကနေ သရေဖြစ်သွားခဲ့ပါတယ်။ မြန်မာ့မီးရထား အသင်းကတော့ နိုင်ပွဲကို ရယူနိုင်ခြင်း မရှိသေးဘဲ နောက်ကျ ချေပဂိုးကြောင့်သာ သရေတစ်မှတ် ရရှိခဲ့တာဖြစ်ပါတယ်။

ဒဏ်ရာရထားသူတွေ၊ ပွဲပယ်ခံထားရသူတွေရှိနေတဲ့ Air Bagan အသင်းဟာ အခုပွဲမှာ လူမစုံခဲ့ဘဲ ဝါရင့် ကစားသမားတွေဖြစ်တဲ့ အေးနိုင်နဲ့ မောင်မောင်ကြီးတို့ကို အသုံးပြုခဲ့ရပါတယ်။ ရှေ့မှာ ထွန်းထွန်းနိုင် တစ်ဦးတည်းကို အထောင်ထားပြီး ကွင်းလယ်ကို ငါးယောက်အထိ ထားကစားခဲ့တဲ့ Air Bagan အသင်းဟာ ပွဲစကတည်းက တိုက်စစ်အားမြင့်ခဲ့ပါတယ်။ ခြောက်မိနစ်မှာတော့ Air Bagan F.C ဂိုးစရသွားပြီး ဒေးဗစ်ထန်း ညာဘက်က ဖြတ်ပို့တာကို ဇင်မင်းဦးက ပိတ်သွင်းခဲ့တာ ဖြစ်ပါတယ်။ ၁၅မိနစ်မှာတော့ Air Bagan က အောင်ခိုင်စိုးနဲ့ မြန်မာ့မီးရထားက စိုးမင်းနိုင်တို့ အချင်းများပြီး အဝါကတ် ပြခံရပါတယ်။ အောင်ခိုင်စိုးမှာ ပထမ တစ်ဝါထိထားတာကြောင့် နှစ်ဝါ၊ တစ်နီနဲ့ ထုတ်ပယ်ခံရပြီး Air Bagan ၁၀ဦးတည်းနဲ့ ကစားခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ Air Bagan ဟာ မောင်မောင်ကြီးကို ထုတ်ပြီး သူရအောင်ကိုထည့်ကာ ခံစစ်အားဖြည့်ခဲ့ပါတယ်။

ချေပဂိုး

ဒုတိယပိုင်းမှာ တစ်ယောက်အသာ ရထားတဲ့ မြန်မာ့မီးရထား အသင်း ဖိကစားနိုင်ပေမယ့် Air Bagan ရဲ့ ခံစစ်ကစားပုံကောင်းတာကြောင့် ဂိုးသွင်းခွင့်မရခဲ့ပါဘူး။ Air Bagan အသင်းကတော့ Counter နဲ့တိုက်စစ်ဆင်သွားပြီး ထွန်းထွန်းနိုင် ဂိုးရရှိနိုင်တဲ့အခွင့်အရေး နှစ်ကြိမ်လောက်ရပေမယ့် အသုံးမချနိုင်ခဲ့ဘူး။ မြန်မာ့မီးရထားအတွက် အဖိုးတန် ချေပဂိုးကို ၈၄မိနစ်မှာ ထောင့်ကန်ဘောကို ကျော်ကျော်မျိုး ခေါင်းတိုက်သွင်းယူခဲ့တာပါ။ အဲဒီဂိုးဟာ Air Bagan ဂိုးသမား နိုင်ဇေယျာထွန်းလက်ကလွတ်ပြီး ဂိုးဝင်သွားခဲ့တာ ဖြစ်ပါတယ်။

သုဝဏ္ဏကွင်းမှာ ကျင်းပတဲ့ ပွဲစဉ်မှာ ပြည်ထဲရေးနဲ့ သစ်တောရေးရာတို့ ဂိုးမရှိ သရေကျသွားပါတယ်။ ဒီပွဲအပြီးမှာ သစ်တောရေးရာက ငါးပွဲကစား၊ ကိုးမှတ်ဖြင့် အဆင့်(၃)၊ Air Bagan က ငါးပွဲကစား ငါးမှတ်ဖြင့် အဆင့်(၁၀)၊ မြန်မာ့မီးရထားက ငါးပွဲကစား လေးမှတ်ဖြင့် အဆင့်(၁၁)၊ ပြည်ထဲရေးက ငါးပွဲကစား လေးမှတ်ဖြင့် အဆင့်(၁၂)နေရာမှာရှိနေပါတယ်။

၁၉-၁-၂၀၀၉ ရက်

အောင်ဆန်းကွင်း
ကမ္ဘောဇ -မြို့တော်စည်ပင်

သုဝဏ္ဏကွင်း
ဆက်သွယ်ရေး -ပို့ဆောင်ရေး

(မြန်မာ့အလင်း)

Air Bagan မှ ဇင်မင်းဦးနှင့် မြန်မာ့မီးရထားမှ သောင်းထွန်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သည်။ (မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်း မပြုရန်၊

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊

(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

အမည်ပြောင်း

အဖ စောဘယ်လ်စင်၏ သမီးဖြစ်သူ တောင်ငူမြို့၊ အထက(၁) အဋ္ဌမတန်း(F)မှ နော်အယ်ထူးမွန်အား မရွှေရည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေရည်ထက်။**

ကလောမြို့မဈေး မီးဘေးကြုံတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကလော ဇန်နဝါရီ ၁၇

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကလောမြို့မဈေး မီးဘေးကြုံတင် ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၁၂ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒု-ဦးစီးမှူး(ဈေး) ဒေါ်ဖြူဖြူခင်နှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများပူးပေါင်း၍ မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဋ္ဌမနှစ်အင်ဂျင်နီယာဘွဲ့၊ ပဋ္ဌမနှစ်သိပ္ပံ(ဂုဏ်ထူး)ဘွဲ့နှင့် ဘွဲ့လွန်ဒီပလိုမာစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများ၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မူလထုတ်ပြန်ထားသည့် ၂၄-၁-၂၀၀၉ရက်အစား အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ **ကျင်းပမည့်နေ့** ၁-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ဘွဲ့နှင်းသဘင်ခန်းမ (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)
ကျင်းပမည့်အချိန် နံနက်၀၉း၀၀နာရီ
အစမ်းလေ့ကျင့်မည့်ရက် ၃၁-၁-၂၀၀၉ရက်(စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန် နံနက် ၀၉း၀၀နာရီ

၃။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၁၉-၁-၂၀၀၉ရက်(တနင်္လာနေ့)မှစ၍ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်လုပ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မော်ကွန်းထိန်း(စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်)
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

Family Happiness 2009

ညှော့ခန်းလေးမှာ ကျက်သရေရှိရှိ မိသားစုပုံလေးတစ်ပုံ ချိတ်ပြီးပြီလား?

ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေ သားလေး သမီးလေး မြေးလေး မြစ်လေး မိသားစုဝင်အားလုံး တစ်ချိန်တည်း တစ်နေရာတည်းမှာ စုံပြီး မိသားစုပုံရိုက်ရန် ခက်ခဲနေပါသလား?

မိသားစုဝင် ဘယ်လောက်များများ တစ်ချိန်တည်း တစ်နေရာတည်းမှာ ဆုံတွေ့စရာမလိုဘဲ နောင်လာနောက်သားတွေအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေတစ်ခုအဖြစ် ထင်ကျန်ရစ်အောင် 2009 New Year မှာ-

Wai Wai photo studio မှ **Family Happiness 2009** အတွက် အထူး Service နှင့် အထူးနှုန်းကို စတင်လိုက်ပါပြီ။

Family Happiness 2009
Booking Hotline:
01-383822
01-256715

ထို့နောက် စက္ကဗျူဟာ (ရန်ကုန်) အဖွဲ့မှ သိုင်းပညာစဉ်စွမ်းရည် ပြသသူ စိုင်းမင်းဦးက ချွန်ထက်နေသော လှံလေးချောင်းပေါ် ဒိုက်ထိုးပြခြင်းမှာ လှံဖျားအချွန်များက လက်ကိုသွေးစို့အောင်ပင် မပေါက်ထွက်ကြောင်း မြင်တွေ့ရသည်။ စိတ်တိုင်းကျ အချိန်အတန်ကြာ စွမ်းရည်ပြသခဲ့ရာ ပရိသတ်များ၏ အားပေးလက်ခုပ်သံများက တဖြောင်းဖြောင်း ဖြစ်နေသည်။

တစ်ဖန် အုတ်ခဲကို ကျိုးအောင် ခေါင်းနှင့် အရိုက်ခံပြီး စွမ်းအင်ပြခဲ့သူ မောင်ရန်နိုင်စိုးက **"စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ကာယလေ့ကျင့်မှုဆိုင်ရာတွေ နှစ်နဲ့ချီပြီး လေ့ကျင့်ခဲ့ရပါတယ်။ ကာယသိဒ္ဓိအားအနည်းအများပေါ်မှာ မူတည်ပြီး လေ့ကျင့်ခဲ့ရတယ်"**ဟု ၎င်းက ပြောကြားသည်။

ကျင့်ကြံအားထုတ်

ထို့နောက် ညို့သကျည်းကို တုတ်ချောင်းဖြင့် အရိုက်ခံရာ တုတ်ချောင်းကျိုးသွားသလို လည်ပင်းပေါ် ဓားတင်ပြီး လူတစ်ဦးက တက်နင်းသော်လည်း သွေးပင်မစို့သူ စက္ကဗျူဟာ(ရန်ကုန်)အဖွဲ့ မစိုးစိုး၏ သိုင်းပညာစဉ်ပြသမှုကလည်း အံ့သြစရာပင်ဖြစ်သည်။ ပြကွက်ပြသပြီးသော မစိုးစိုးအား မေးမြန်းရာ **"ကာယသိဒ္ဓိကျင့်စဉ်ကို အချိန်များများပေးပြီး ကျင့်ခဲ့တာပါ။ စိတ်ပိုင်းဆိုင်ရာ စွမ်းအင်ကိုလည်း သတ်မှတ်ရက်ပတ်တိုင်း ကျင့်ကြံအားထုတ်ခဲ့ရတယ်။ သမီးရဲ့ဆရာက ဦးသန်းမြင့်ဖြစ်ပါတယ်။ ၂၀၀၁ခုနှစ်ကစပြီး လေ့ကျင့်ခဲ့တာပါ"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ပရိသတ်လက်ခုပ်သံ

တစ်ဖန် ဦးခေါင်းကို တုတ်ရှည်ဖြင့် ရိုက်ပြသည့် ပြကွက်၊ မအိခိုင်မြင့်၏ လည်ပင်းကို ငါးမူးလုံးသံညှပ်ဖြင့် ညှပ်၍ကွေးပြခြင်းပြကွက်၊ ဦးမင်းဇော်ဖြိုး၏ ကြွေပန်းကန်များကို ဝါးစားပြသည့်ပြကွက်၊ လှံ ၁၀ ချောင်းပေါ် လမ်းလျှောက်ခြင်း ပြကွက်၊ သိဒ္ဓိအောင်အဖွဲ့မှ မဆွေဆွေဝင်းနှင့် မခင်စောမူ တို့၏လှံသုံးချောင်းပေါ်ထိုင်ပြီး

လည်မျိုပေါ်လှံနှစ်ချောင်းစိုက်ကာ လူတစ်ဦး တက်ထိုင်သည့် ပြကွက်များကား သည်းထိတ်ရင်ဖို မြင်ကွင်းဖြစ်ရာ ပရိသတ်လက်ခုပ်သံကတဖြောင်းဖြောင်းဖြစ်နေသည်။

အချိန်ရတိုင်းလေ့ကျင့်

ထို့နောက် လည်မျိုကို တုတ်ကျိုးအောင်ရိုက်ပြခံနိုင်သည့် စက္ကဗျူဟာ (ရန်ကုန်)အဖွဲ့မှ မောင်ထွန်းထွန်းဦးကလည်း **"ကျွန်တော်လေ့ကျင့်နေတာ လေးနှစ်ရှိပါပြီ၊ စိတ်စွမ်းအင်တိုးတက်အောင်၊ ကာယသိဒ္ဓိအားကောင်းအောင် အချိန်ရတိုင်း လေ့ကျင့်ခဲ့တာပါ"**ဟု ရှင်းပြသည်။

စိတ်စွမ်းအားကောင်းအောင်

တစ်ဖန် သံချွန်များပေါ်လမ်းလျှောက်ပြသည့် သိဒ္ဓိအောင်(ပင်မ)သိုင်းအဖွဲ့မှ ရှိုင်းဝဏ္ဏကျော်ကလည်း "သားဇာတိက ပဲခူးတိုင်း ရန်ကြီးအောင်ရွာ ဖြစ်ပါတယ်။ လေ့ကျင့်ခဲ့တာကတော့ လေးနှစ်လောက်ရှိပါပြီ။ စိတ်စွမ်းအားကောင်းအောင် အမြဲတမ်း လေ့ကျင့်ခဲ့ရပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

"စိတ်စွမ်းအား ကောင်းအောင် အမြဲတမ်း လေ့ကျင့်ခဲ့ရပါတယ်"
ရှိုင်းဝဏ္ဏကျော်
သိဒ္ဓိအောင်(ပင်မ)သိုင်းအဖွဲ့

လှံဖျားပေါ် မှောက်အိပ်

ပြကွက်များ ဆက်လက်ပြသနေမှုကို လှမ်းကြည့်လိုက်ရာ သိဒ္ဓိအောင်အဖွဲ့မှ မမေဇင်ဦးက လျှာပေါ်လှံထောက်ပြီး အုတ်ခဲခွဲပြသည့် ပြကွက် ပြသနေသည်ကို တွေ့ရသည်။ မြန်မာအမျိုးသမီးငယ်တစ်ဦး၏ ကာယသိဒ္ဓိကောင်းမွန်မှုကို ပြောင်မြောက်စွာ ပြသနိုင်မှုပင်ဖြစ်သည်။ ထို့အပြင် လှံဖျားပေါ်မှောက်အိပ်ပြီး ခန္ဓာကိုယ်ကို စကြာလှည့်ပြသည့် ပြကွက်ကလည်း ကြက်သီးမွေးညင်းထစရာပင် ဖြစ်သည်။

"နှစ်နဲ့ချီပြီး လေ့ကျင့်ခဲ့ရပါတယ်"
ရန်နိုင်စိုး
စက္ကဗျူဟာ (ရန်ကုန်)

လှံ ၁၀ ချောင်းပေါ် လမ်းလျှောက်ခြင်း ပြကွက်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အသက်ရှူမှားစရာ

တစ်ဖန် သိုင်းပြောင်းပြန်အဖွဲ့မှ ကိုသန်းနိုင်ဦးက ပွက်ပွက်ဆူနေသော ရေကိုချိုးပြခြင်း ပြကွက်ကလည်း မြင်တွေ့ရသူများအဖို့ အသက်ရှူမှားစရာပင်ဖြစ်သည်။ စိတ်စွမ်းအင်နှင့် ကာယသိဒ္ဓိကျင့်စဉ်များကို အောင်မြင်စွာ ကျင့်ကြံနိုင်သူ တစ်ဦးဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

ထို့အပြင် ဗန်တိုအတိုက်အထူးစိန်ခေါ်ပွဲများကလည်း ပရိသတ်အကြိုက်ဖြစ်နေပြီး ဇန်နဝါရီ ၁၇ရက်က ပြကွက်ပေါင်း ၆၀နှင့် ဗန်တိုအတိုက်ပြိုင်ပွဲ ငါးပွဲ ပြသယှဉ်ပြိုင်ခဲ့ကြရာ မြန်မာ့ဇာတိမာန်ကို တဖွားဖွား ဖြစ်ပေါ်စေသည့် ပြပွဲပြိုင်ပွဲ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လှံသုံးချောင်းပေါ်ထိုင်၍ လျှာပေါ်လှံထောက်ပြီး အုတ်ခဲ ခွဲပြခြင်း ပြကွက်ကလည်း ပြောင်မြောက်စွာ ပြသနိုင်သည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

"၂၀၀၁ခုနှစ်ကစပြီး လေ့ကျင့်ခဲ့တာပါ"
မစိုးစိုး
စက္ကဗျူဟာ (ရန်ကုန်)

ညို့သကျည်းကို တုတ်ကျိုးအောင် အရိုက်ခံပြခြင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

● ကျောဖုံးမှ

ပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း ပရိသတ်များ ပြည့်လျှံနေသည်။ မြန်မာ့သိုင်းပညာရပ်၏ အံ့မခန်းသိုင်းပညာစဉ်ပြကွက်များ ပါဝင်မည် ဖြစ်သဖြင့် ပရိသတ်များ အထူးစည်ကားနေခြင်းဖြစ်သည်။ ပြိုင်ပွဲ၊ ပြပွဲများကို ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်များ၌ နှစ်ရက် ဆက်တိုက် ကျင်းပမည်ဖြစ်သည်။

စိတ်ဝင်စားဖွယ်

တိုးနရားနှင့် ဓားသမားပြကွက်၊ တုတ်သိုင်းပြကွက်၊ ယက္ခသိုင်းကွက် ၁၈ ချက်၊ မီးဓားပြကွက်၊ အဲမောင်းလှံရေးပြကွက်၊ နှစ်ဦး လေးဦး ဓားဝိုင်းထွက်ပြကွက်၊ တစ်ဦးသုံးဦးဝိုင်းထွက်ပြကွက်၊ တုတ်ရှည် သိုင်းအတိုက်ပြကွက်နှင့် မီးရဲနေသော ဓားကိုနင်းပြီး ဓားနှစ်လက်ကိုးကွက် စကြာပတ်လည်ပြကွက်များကို ပြသသွားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဦးခေါင်းကို တုတ်ရှည်ဖြင့်ရိုက်ပြသည့် ပြကွက်။
လည်ပင်းကို ငါးမူးလုံး သံညှပ်ဖြင့်ညှပ်၍ ကွေးပြခြင်း ပြကွက်။
ကြွေပန်းကန်များကို ဝါးစားပြသည့် ပြကွက်။
လှံ ၁၀ ချောင်းပေါ် လမ်းလျှောက်ခြင်း ပြကွက်။
လှံသုံးချောင်းပေါ်ထိုင်ပြီး လည်မျိုပေါ် လှံနှစ်ချောင်းစိုက်ကာ လူတစ်ဦး တက်ထိုင်သည့် ပြကွက်များကား သည်းထိတ်ရင်ဖို မြင်ကွင်းဖြစ်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) Sales Promoter ကျား/မ (၂၀)

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးအသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(2) Sales Representative ကျား (၂၀)

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)အောက်၊ Distribution အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

(3) Sales Supervisor ကျား (၅) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီးလစဉ်မပျက်သွားနိုင်ရမည်။ Distribution နှင့် Marketing Field ၌ အနည်းဆုံး(၃)နှစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရမည်။

(4) Store Keeper ကျား/မ (၂) ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး စတိုလယ်ဂျာစာရင်းကျွမ်းကျင်ရမည်။ Computer(Word, Excel) တတ်ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ သွက်လက်တက်ကြွရမည်။

(5) Office Helper ကျား (၂) ဦး

ပညာအရည်အချင်းမူလတန်းမှ အလယ်တန်းအဆင့်ရှိရမည်။ သန့်ရှင်းရေးနှင့် အထွေထွေရုံးကိစ္စများလုပ်နိုင်သူဖြစ်ရမည်။ အသက်(၂၀မှ၃၅)နှစ်ကြား ဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

(6) Driver ကျား (၁၀) ဦး

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ''ခ''(သို့မဟုတ်)''ဃ''လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။

(7) ဝါယာရိန်းဆရာ ကျား (၁) ဦး

မော်တော်ယာဉ်နှင့်ပတ်သက်သော ဝါယာရိန်းလုပ်ငန်းအတွေ့အကြုံရှိရမည်။

* **အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။**

အထက်ပါ ရာထူးစိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ဓာတ်ပုံနှစ်ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ မိတ္တူများနှင့်တကွ **Harvest Enterprise Co., Ltd. အမှတ် ၅၂၀၊ ခုနစ်လွှာ၊ Excel Treasure Tower ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်**သို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

MYANMAR KAIDO CO., LTD.

(Your Most Reliable Partner)

(For Local Service Only)

No.1 (A), Bayint Naung Road, Aye Yeik Mon Housing, Block (4), Hlaing Township, Yangon, Myanmar

Ph. 681660, 681661, 681662, [illegible]

www.myanmarkaido.com

Myanmar Kaido is currently looking for qualified, enthusiastic and Self-motivated Personnel for the following position.

Finance Manager (Female - 1 Post)

B.Com, CPA. At least 5 years experience in Financial Management. Computer literate Competent in Accountant Software especially MIT software. Strong Leadership and management skills.

Marketing Manager (Male - 1 Post)

Must be a graduate with Dip in Marketing. At least 5 years experience in Sales and Marketing. Good command in English and Computer skills.

Sales Executive (Machinery) (Male - 3 Posts)

B.E (Mechanical) (or) A.G.T.I (MP) (or) Any Graduate with Dip in Marketing. At least 2 years experience in Sales and Marketing. Two years experience of Customer Service. Good personality. Able to work anywhere in Myanmar.

Sales Executive (Lubricant) (Male - 3 Posts)

B.E (Mechanical) (or) A.G.T.I (MP) (or) Any Graduate with Dip in Marketing. At least 2 years experience in Lubricant Sales. Two years experience of Customer Service Good personality. Able to work anywhere in Myanmar.

Purchasing Executive (M/F - 1 Post)

Any Graduate. Must have proficiency in Japanese language and writing skill. Computer literate and must familiar with Internet and Search Engine. Must be understand M.F.T.B procedure, Export and Import knowledge.

Admin Executive (Male - 1 Post)

Any Graduate. At Least 2 years experience in Administration. Able to work anywhere in Myanmar.

Applicants who interested and qualified should submit CV with one recent photo, copy of National Registration Card, Labour Registration Card, Graduation Certificate & other certificates to Human Resources Dept. within 2 weeks. Only those who meet the requirements will be called for an interview.

---

(၄၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေဦးတင်မောင်ဆွေနှင့် မေမေဒေါ်ခင်သန်းနွဲ့တို့၏ ၁၈-၁-၂၀၀၉ရက်တွင် ကျရောက်သည့် (၄၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်သော သား၊သမီး၊မြေးများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားသမီးများ - ဗိုလ်မှူးအောင်နိုင်ဆွေ-ဒေါ်စိုးမီမီအောင်(ခ)မေသဲ၊
- ဗိုလ်မှူးသက်ဆွေ-ဒေါ်နီလာထွန်း၊
- ဦးကြည်ဆွေ-ဒေါ်ဆွေဆွေလှ၊
- ဗိုလ်ကြီးဟန်ဆွေ၊ ကိုသန်းဆွေ၊

မြေးများ - ဥဥ၊ ပြည့်ပြည့်၊ အောင်ခန့်၊ ဝေယံ၊ အောင်သန့်၊ ပေါက်ပေါက်၊ အိမ့်မှူး။

သုတဘာဏ စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ သုတဘာဏ စာတမ်းဖတ်ပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)၌ကျင်းပရာမြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလှေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဘာသာရပ်ဆိုင်ရာနှင့် စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားပြီး ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)က ''ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေးမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်စေရေး'' စာတမ်းကိုလည်းကောင်း၊ ဆရာမကြီးဒေါ်ကြန်(မကြန်)က ''ဘာသာစကားနှင့်စာပေ၌ အသုံးလှယ်ခြင်း'' စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး သိရှိလိုသည်များကို ပြန်လည်ဖြေကြားကြကာ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါများဖိတ်ခေါ်ခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် တည်ဆောက်မည့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(BQ)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါပုံစံများကို ၂၀-၁-၂၀၀၉ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၉-၂-၂၀၀၉ ရက်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်း ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရုံးအမှတ်(၂၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၀၁၈၊ ၄၀၄၁၈၀၊
ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
လှိုင်သာယာ၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၈၅၂၆၆၊ ၆၈၅၂၇၇၊ ၀၉-၈၆၀၂၀၆၆။

ရောင်းမည်

ကန်တော်လေး ပေ၃၀×ပေ၅၀ နှစ်ထပ်တိုက် လုံးချင်း၊ A/C ခြောက်လုံး၊ ဂရန် အမည်ပေါက်၊ မီတာနှစ်လုံး။ Dig Ph. (ပွဲစားမလို)

ဖုန်း-၀၉-၅၀-၅၅၅၇၉။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင် ယာဉ်မောင်းလိုင်စင် လ/၉၀၆၈၏ ကားဗီးတက်ပါဝင်သော ပိုက်ဆံအိတ်မှာ ၁၆-၁-၂၀၀၉ရက်တွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါ။

ဦးငွေသိန်း
ဖုန်း-၀၉-၅၁-၇၉၉၇၇၊ ၃၈၄၉၅၉။

Y.E.S. Since 1994

Basic Spoken English : Jan 12, 19, 24, 26
Pre-Intermediate English : Jan 19, 26
Structure & Written Expression : Jan 24, 26
Academic Reading Foundation Course : Jan 26
Intermediate English Proficiency : Jan 24
Grammar Foundation Course : Jan 10, 12
Basic Writing, Issues in Writing : Jan 12, 19, 24
TOEFL- Feb 2, IELTS, SAT, APLAW, VEC, RSF

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မျိုးဆက်၏ နိုင်ငံကူးလက်မှတ်-၅၆၅၃၅၂သည် ပျောက်ဆုံး သွားပါသဖြင့် ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁-၄၇၇၀၁၊ ၀၉-၅၀-၃၁၁၂၀။**

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကသာမြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကသာမြို့ဝင်ဆိုင်းဘုတ်၌ မြေခင်းအလှပြုပြင်ခြင်းကို ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စက်ဆန်းတိုက်နယ်ဆေးရုံ ပန္နက်တင်

ဘိုကလေး ဇန်နဝါရီ ၈

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ DIETHLM & Co.,Ltd. (DKSH) က ဆောက်လုပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းမည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂ရက်က အဆိုပါ အဆောက်အအုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်း၊ DKSH Co.,Ltd. မှ ဒေါက်တာသန်းအောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှလှကြည်တို့ တက်ရောက်အမှာစကား ပြောကြားပြီး သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တော၌ နွေစပါးဧက ၅၂၀၀စိုက်ပျိုးရန် လျာထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃၀ရက်က မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ တောင်သူ ဦးဇော်ထူး၏ နွေစပါး၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နေကြာ စိုက်ပျိုးထားရှိမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လိုက်လံရှင်းလင်းပြသ

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်၊ ခေတ္တမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်မြင့်ကြည်၊ မြို့နယ် စိုက်ပျိုးရေးမြေစာရင်းတာဝန်ခံတို့က သီးနှံများစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

မောင်တောမြို့နယ်အတွင်း ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆီထွက်သီးနှံမြေပဲ ဧက ၄၀၀၀၊ နေကြာဧက၈၀၀နှင့် နွေစပါးဧက ၅၂၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၂၇)

စုံညီပွဲတော်

၂၀၀၉ ခုနှစ် ပညာရေးစုံညီပွဲတော်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပုဇွန်တောင်မြို့နယ်၌ ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန်ဆုနှင့် မြို့နယ်သချ်ာအိုလံပစ်ပြိုင်ပွဲ(ဒုတိယဆု)ရရှိသူ မယမင်းစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့်အဖွဲ့ ဒီဇင်ဘာ ၄ရက်က မြောင်မြို့ကန်သာယာတွင် မြေယာရှုခင်းပြုပြင်ထားမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေက လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရေး ဇန်နဝါရီ ၁၇

ရေးမြို့နယ်အသင်း (ရန်ကုန်) ၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်း ၃လမ်း ခေမာရာမသီလရှင်စာသင် တိုက်၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်

အသက်၇၅နှစ်နှင့်အထက် ကန်တော့ခံ အသင်းဝင်များ၊ တက္ကသိုလ်မှ ပါရဂူဘွဲ့ အပ်နှင်းခြင်း ခံရသောသူများ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့ကြသော အသင်းဝင် မိဘများ၏ သားသမီးများစာရင်းကို အလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးမြင့်ဆွေ ဖုန်း-၅၈၀၄၉၅၊ ဦးစံလွင် ဖုန်း-၂၄၄၇၈၃၊ ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅၊ ဒေါ်ခင်စောမြင့် ဖုန်း-၅၀၁၅၁၇၊ ဒေါ်မိမိဆန်း ဖုန်း-၀၉-၅၀-၄၂၂၇၄တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ အသင်းသူအသင်းသားများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူမြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၄ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ဒေါနလမ်းသစ်ဖွင့်

ကျောက်တံခါး ဇန်နဝါရီ ၁၂

ကျောက်တံခါးမြို့၌ ဇန်နဝါရီ ၃ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွင်းနောက်ရပ်ကွက်ရှိ ဒေါနလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်၊ စည်ပင်သာယာရေးလက်ထောက်ညွှန်ကြားရေးမှူး ဦးလွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၎င်းလမ်းဖွင့်ပွဲသို့ ရပ်ကွက်ကျေးရွာငါးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်သူရပ်ကွက်သားများ တက်ရောက်ကြသည်။

အဆိုပါလမ်းမကြီးကို စည်ပင်ပိုင်ငွေကျပ် ၁၅၄သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ကြောင်း သိရသည်။

(ဝ၆၇)

ပွင့်ဖြူမြို့နယ်၌ သစ်လွင်စာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ လှူဒါန်း

ပွင့်ဖြူ ဇန်နဝါရီ ၁၅

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာ သစ်လွင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကံစိန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနှင့် ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကံစိန်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးကျော်စိုးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

သစ်လွင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မဂ္ဂဇင်း၊ ဂျာနယ် အုပ်၅၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ် အုပ်၅၀၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဂျာနယ်အစောင် ၁၀၀နှင့် ကျေးရွာစာကြည့်တိုက် အထောက်အကူပြုကော်မတီမှ သုတ၊ ရသစာအုပ်ပေါင်း ၅၃၀ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ သွပ်မိုး၊ အုတ်နံကပ်၊ သမံတလင်းခင်း၊ အလျား ၂၅ပေ၊ အနံ ၁၅ပေဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၁၅သိန်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မှုခင်းသတင်း

ပုသိမ်မြို့ မြို့သစ်ဈေးအတွင်း စိန်ထည်၊ ရွှေထည်ကျပ် ၁၃၆သိန်းဖိုး ခါးပိုက်နှိုက်ထွက်ပြေးသူ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ပုသိမ် ဇန်နဝါရီ ၁၇

ငွေကျပ် ၁၃၆သိန်းဖိုး စိန်ထည်၊ ရွှေထည်ပစ္စည်းများ ခါးပိုက်နှိုက်ခံရမှု ပုသိမ်မြို့ မြို့သစ်ဈေးအတွင်း ဇန်နဝါရီ ၈ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၈ရက် နံနက် ၇နာရီခွဲခန့်တွင် ပုသိမ်မြို့ အမှတ် (၃)နယ်မြေ မြို့သစ်ဈေးအတွင်း ဈေးဝယ်လာသူ ဒေါ်ငြိမ်းငြိမ်းသည် ဟင်းစားဝယ်ပြီး၍ မုန့်ဟင်းခါးစားရန်ပြင်ဆင်နေစဉ် လက်ဆွဲခြင်းထဲမှ စိန်ထည်၊ ရွှေထည်ပစ္စည်းစုံပါရှိသော လက်ကိုင်အိတ်ကို ခါးပိုက်နှိုက်ခံရကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ထိုနေ့ည ၇နာရီခန့်တွင် အသည်ကြီးရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် တိုင်းအထူးမှုခင်းအဖွဲ့(၁)တာဝန်ခံရဲအုပ်သန်းညွှန့်၊ ခရိုင်အထူးမှုခင်းတာဝန်ခံ ဒုရဲအုပ်အောင်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းကြိုင်၊ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်ဇော်မင်းထွန်းတို့သည် ဇန်နဝါရီ ၉ရက် ညနေ ၅နာရီက အမှတ် (၁) နယ်မြေ ရွှေတစ်ဆုပ် ၁၃လမ်းနေ ဒေါ်တင်မြင့်နေအိမ်၌ ပြစ်မှုကျူးလွန်သူ မလှလှငြိမ်း (၂၆နှစ်) (ဘ) ဦးဟန်ငြိမ်းအား သက်သေခံ စိန်ထည်၊ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယင်းအမှုနှင့်ပတ်သက်၍ အသည်ကြီးရဲစခန်းမှ ပြစ်မှုကျူးလွန်သူအား ဥပဒေအရအရေးယူ ဆောင်ရွက်လျက်ရှိသည်။ (၁၅၇)

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်တွင် ဆောင် ရွက် သော ခ မောင်း ချေ တိုင် တံတားတည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဦးကျော်ညွန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖော်တင်စွန်းဘုရားပွဲတော်
ဈေးဆိုင်ခန်းများ လေလံတင်ရောင်းချမည်

[illegible]

ဘုရားပွဲတော်ကျင်းပရေးကော်မတီ

လိုက်လံစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ဒေါင်းမကျေးရွာနေ **ဦးစိုးနိုင် (မန်နေဂျင်းဒါရိုက်တာ၊ အေးအေးခိုင် ကျောက်စိမ်းနှင့်ကျောက်မျက်ရောင်းဝယ်ရေးကုမ္ပဏီ)**အား လိုက်လံစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး
ဂေါပကအဖွဲ့၊ ပြည်မြို့။

ကျေးဇူးဆပ်ပါမည်

ကွန်တော်မောင်မျိုးတင့် CDC-31738 ၏ မိသားစုလွှဲငွေ(Allotment Order) ပျောက်ဆုံးသွားပါသဖြင့် ဖုန်း-၀၉-၅၁-၉၅၄၆၃ သို့ အကြောင်းကြားပေးပါရန်။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၀၃၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိအောင် ၉/မနမ(နိုင်) ၁၀၀၈၈၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

တရားမပုံစံ-၉၄အစားသုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပခုက္ကူခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်- ၄

လက်ထောက် အထွေထွေမန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မန္တလေးမြို့။ **တရားနိုင်**

နှင့်

၁။ ဦးသန်းဝင်း
၂။ ဒေါ်ကြင်ဥ
ဈေးဟောင်းရပ်၊ ရေစကြိုမြို့။ (ယခုနေရပ်လိပ်စာမသိ) **တရားရှုံးများ**

ပခုက္ကူခရိုင်တရားရုံး ၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၄တွင် ကျရှိသည့် ဒီကရီအတွက် ဇာရီမှုအတည်ပြုရန် ဖော်ပြထားခဲ့သောပစ္စည်းတွင် တရားရှုံးများ သက်ဆိုင်ခြင်းကို ၂၀၀၉ခုနှစ် မတ် ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းလဆန်း ၁၀ရက်) ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မကွေးတိုင်း၊ ရေစကြိုမြို့၊ အမှတ် ၄ရပ်ကွက်၊ ဈေးဟောင်းရပ်အကွက် နံပါတ် ၃၊ ဦးပိုင်အမှတ် ၁၄၆၊ ဧရိယာ ၀.၁၁၃ ဧက၊ ၁၀ နှစ်ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ တစ်ထပ်အုတ်ညှပ်အဆောက်အအုံ တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀။
လေလံစည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုအပေါ် တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်ကျော် (တ/၁၉၆၉)
ဒုတိယခရိုင်တရားသူကြီး၊
ပခုက္ကူခရိုင်တရားရုံး။

နေပြည်တော်ပျဉ်းမနား မြို့ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး၏ (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းဘုရားပွဲတော်

ကြေညာချက်

နေပြည်တော် ပျဉ်းမနား မြို့ကျက်သရေဆောင် ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်မြတ်ကြီး၏ (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းဘုရားပွဲတော်ကြီးကို ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲတို့ဖြင့် ၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်ကျော် ၇ရက်(၃-၃-၂၀၀၉ ရက်မှ၁၇-၃-၂၀၀၉ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လူဟောင်းတေးသရုပ်ဖော်ကပွဲ၊ ဆပ်ကပ်၊ ချား၊ ရဟတ်၊ မျက်လှည့်နှင့် ခါတ်ပုံတိုက်မြေနေရာများကို ၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း ၁ရက်မှ တပို့တွဲလဆန်း ၁၅ရက် (၂၆-၁-၂၀၀၉ရက်မှ ၉-၂-၂၀၀၉ ရက်)အထိလည်းကောင်း၊ လူဟောင်းဆိုင်ခန်းများကို တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲလကွယ်နေ့ (၂၆-၁-၂၀၀၉ ရက်မှ ၂၃-၂-၂၀၀၉ ရက်) အထိလည်းကောင်း၊ လူသစ်များကို လူဟောင်းများ သတ်မှတ်ရက်အသီးသီး၏ နောက်ပိုင်းတွင် ဆက်လက်ရောင်းချပေးမည် ဖြစ်ပါသည်။

ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဆပ်ကပ်နှင့် တေးသရုပ်ဖော်ကပွဲများ ထည့်သွင်းလိုသည့် ကန်ထရိုက်တာများ အမြန်လာရောက်ဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် တော်လတီစံပြကျေးရွာနေ ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်ဟိန်းထက်ဇော် ၁၄/ဇလန(နိုင်)၁၃၄၉၁၁သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးမြင့်ဇော် ZLN ၁၂၇၇၈၆
ဒေါ်တင်ပြုံးမြင့် TKL၁၇၆၉၆၇။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း တိုက်ကြီးမြို့ အင်္ဂလာရပ်ကွက် အင်္ဂလာကြီးရွာနေ ဦးကြိုတိုင်း(ခ) ဦးမြင့်စိုး ၁၂/တကန(နိုင်)၀၀၃၅၆၂ ၏သားဖြစ်သူ မောင်အောင်ကျော်စိုး ၁၂/တကန(နိုင်)၀၉၈၉၁၆သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စမဆို လုံးဝတာဝန်မယူပါကြောင်း။ **ဦးကြိုတိုင်း(ခ)ဦးမြင့်စိုး ၁၂/တကန(နိုင်)၀၀၃၅၆၂။**

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စ/၅၈၅၁ Dodje ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲ့လှဲ့ဝင်း မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်)၁၁၃၂၇၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ (တိုင်းဦးစီးမှူးရုံး)၊မြိတ်။

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အကွက်အမှတ် ၁၆၊ ဦးပိုင်အမှတ်(၁၂)၊လမ်း ၆၀×၆၁ လမ်း×၁၇ လမ်း×၁၈ လမ်းကြားမကြေညာအမည်ပေါက်မြေကွက်အား ဒေါ်ငွေငွေဝင်း မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်)၀၂၉၄၀၅က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်၊ အမျိုးအစားပြောင်း၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

မီးသတိပြု

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မြို့ပတ်လမ်း ကျောက်ချောလမ်းသစ်ကို ဇန်နဝါရီ ၃ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အမှုဆောင်အရာရှိ ဦးသက်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းသာယာလှပရေး သံတောင်ကြီးမြို့၌ဆောင်ရွက်

သံတောင်ကြီး ဇန်နဝါရီ ၁၂

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ဆေးသုတ်ခြင်းနှင့် မြို့အဝင်လမ်းဘေး ဝဲယာတစ်လျှောက် ချုံနွယ်ကိုင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇန်နဝါရီ၁ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဇန်နဝါရီ ၃ ရက်က အမက(၇) တာမွေ၏ ၂၀၀၉ခုနှစ် စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း(က-၂)၌ ပဥ္စမဆုရ မောင်လွင်မင်းခန့်အား ကျောင်းအုပ်ဆရာကြီးဦးလှထွန်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ငပုတော၌ကျင်းပ

ငပုတော ဇန်နဝါရီ ၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၈၃) ရှမ်းတောင်ကွင်း ဦးပိုင်အမှတ်(၁၁/၃)တွင် တောင်သူ ဦးအောင်ငွေ စိုက်ပျိုးထားသည့် မနောသုခ မိုးစပါးကို နိုဝင်ဘာ ၁၅ရက်က ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာနမှူးဖြစ်သော လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးကျော်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်တင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ စုပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကြာကန်ရပ်ကွက် ကြာညိုလမ်း ကတ္တရာခင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေး ဟောင်လိတ်ရပ်ကွက် စက်မှုဇုန်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးဦးဆောင်၍ ဝန်ထမ်းများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၁၅

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီက ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဟသ်ာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က ဖတ်ကြားပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အလံတင်အခမ်းအနားများနှင့်အတူ အားကစားပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများ၊ ကလေးပြပွဲပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒုတိယအကြိမ် သိုင်းပညာစဥ်ပြပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ်သိုင်းပညာစဥ်ပြပွဲနှင့် တတိယအကြိမ်ဗန်တို(အတိုက်)ပြိုင်ပွဲ၊ ဗန်တိုအထူးစိန်ခေါ်ပွဲဖွင့်ပွဲကို တက်ရောက်ပြီး မြန်မာ့ရိုးရာအမွေအနှစ်သိုင်းပညာစဥ်ပြသမှုနှင့် ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

အဆိုပါဖွင့်ပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စာမျက်နှာ ၃ ကော်လံ ၁ *

စက္ကဗျူဟာ(ရန်ကုန်)အဖွဲ့မှ သိုင်းပညာစဥ် စွမ်းရည်ပြသသူ စိုင်းမင်းဦးက ချွန်ထက်နေသော လှံလေးချောင်းပေါ် ဤသို့ ဒိုက်ထိုးပြသသည်။ (မြန်မာ့အလင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

မြန်မာ့အလင်း အဏ္ဏဝါဘူမိသိပ္ပံ

သမုဒ္ဒရာနှင့် ပင်လယ်ရေတို့၌ အဆိပ်ဓာတ်ပါဝင်မှု ငါးများက လျှော့ချထိန်းညှိပေးနိုင်ဟုဆို

သတင်းမှတ်စု မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု ဝင်းချို(မြန်မာ့အလင်း)

သမုဒ္ဒရာနှင့် ပင်လယ်များ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ငါးများ၏အခန်းကဏ္ဍသည် အရေးကြီးသောနေရာ၌ ပါဝင်လျက်ရှိကြောင်း အဏ္ဏဝါဇေဒ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့ဇာတိမာန်ကို တဖွားဖွားဖြစ်ပေါ်စေမည့် ဒုတိယအကြိမ် သိုင်းပညာစဥ်ပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဗန်တိုအထူးစိန်ခေါ်ပွဲ

➢ သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၇

“မြန်မာတိုင်း သိုင်းတတ်ရမည်” ဆိုစကားရှိသည်။ မြန်မာ့သမိုင်းကိုကြည့်လျှင် သိုင်းပညာ၏ ဒွန်တွဲထင်ဟပ်ခဲ့မှုကို တွေ့ရမည်ဖြစ်သည်။ ထိုသို့အရေးပါသော မြန်မာ့သိုင်းပညာကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် မြန်မာ့သိုင်းပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ်သိုင်းပညာစဥ်ပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဗန်တိုအထူးစိန်ခေါ်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ●

လှံသုံးချောင်းပေါ်ထိုင်ပြီး လည်မျိုပေါ် လှံနှစ်ချောင်းစိုက်ကာ လူတစ်ယောက်ထပ်တက်၍ ဓားကိုကွေးပြခြင်း၊ ခေါင်းပေါ် ဓားတင်၍ အုတ်ခဲခွဲပြခြင်းကို ဤသို့ အံ့သြဘနန်း တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း နည်းပညာသိပ္ပံ

ကမ္ဘာ့ပထမဆုံး ဒစ်ဂျစ်တယ် ကင်မရာပရင်တာ ထုတ်လုပ်

ဒစ်ဂျစ်တယ်ကင်မရာနှင့် အတူ မိတ္တူကူးစက်ပါ ထည့်သွင်းတပ်ဆင်ထားသော ကင်မရာအမျိုးအစားတစ်ခုကို ပိုလာရွိုက်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်သည်။

ပထမဆုံး

ကင်မရာနှင့်အတူ မိတ္တူစက်ပါ ထည့်သွင်းထားသည့် ဒစ်ဂျစ်တယ်ကင်မရာကို ပထမဆုံး ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး ကင်မရာ၏ လုပ်ငန်းများကို ထိခိုက်မှုမရှိကြောင်း သိရသည်။

ထည့်သွင်းတပ်ဆင်

လိုအပ်သည့် ရုပ်ပုံနှင့်သတင်းအချက်အလက်များကို စက္ကန့်ပိုင်းအတွင်း ထုတ်ယူ၍ရသည်အထိ နည်းပညာများထည့်သွင်းထားသည်။ မိတ္တူကူးစက်နည်းပညာကို ဇီနစ်နည်းပညာဖြင့် ထည့်သွင်းတပ်ဆင်ထားခြင်းဖြစ်သည်။

ရောင်စုံဓာတ်ပုံ

အဆိုပါ ကင်မရာပရင်တာသည် အလျား သုံးလက်မနှင့် အနံ နှစ်လက်မခန့်ရှိပြီး ရောင်စုံဓာတ်ပုံများထွက်ရှိသည်။ ကင်မရာ၏ အရွယ်အစားမှာ အလျား ၄ ဒသမ ၇ လက်မနှင့် အနံ သုံးလက်မရှိသည်။

ရိုက်ကူးပြီးသော ဓာတ်ပုံများမှာ ရောင်စုံဓာတ်ပုံများဖြစ်သည်။ စာရွက်တစ်ရွက် သို့မဟုတ် ပုံတစ်ပုံထုတ်လျှင် တစ်မိနစ်ခန့်ကြာကြောင်း၊ ကင်မရာ၏အလေးချိန်မှာ ၁၀ အောင်စသာရှိကြောင်း သိရသည်။